ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန

ဆက်သွယ်မှုကဏ္ဍအား ပိုမိုတိုးတက်အောင်ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအထောက်အကူဖြစ်စေသည်

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ

<u>စာတမ်းပြုစုသူ</u>
ဦးကျော်စိုး
ကျောင်းအုပ်ကြီး
ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်း
မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း
ဆက်သွယ်ရေး စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁ ။	နိဒါန်း	၁
၂ ။	ဆက်သွယ်ရေး ကဏ္ဍပြုပြင်ပြောင်းလဲမှုများ	၄
	(က) တရုတ်နိုင်ငံ	
	(ခ) အိန္ဒိယနိုင်ငံ	
	(ဂ) ဗီယက်နမ်နိုင်ငံ	
	(ဃ)နိုင်းယှဉ်ချက်	
၃ ။	မြန်မာနိုင်ငံ ဆက်သွယ်ရေးကဏ္ဍ	၂၄
	(က) ဝင်ငွေရရှိမှုအခြေအနေ	
	(ခ) တစ်မျိုးသားလုံး ထုတ်ကုန်တွင် ပါဝင်မှုအချိုးအစား	
	(ဂ) ရင်းနှီးမြှုပ်နှံမှုအခြေအနေ	
	(ဃ) လက်ရှိ ဆက်သွယ်ရေး ဥပဒေများ	
	(င) ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ	
၄ ။	လေ့လာတွေ့ရှိချက်များ	၃၃
၅ ။	နိဂုံး	၃၆

" ဆက်သွယ်မှုကဏ္ဍအား ပိုမို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို

အဓိက အထောက်အကူ ဖြစ်စေသည် ။ "

၁။ နိဒါန်း

ဆက်သွယ်ရေးနည်းပညာ ကဏ္ဍသည် ဒိုင်းနမစ်စွမ်းအား အပြည့်ရှိ သော စီးပွါးရေးကဏ္ဍ တစ်ခုဖြစ်ပါသည်။ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်ဆက်သွယ်ရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုသည် အရေးကြီး သောစီးပွားရေး အင်ဂျင်တစ်ခုဖြစ်ပါသည်။ ယခင်ကဆက်သွယ်ရေးကဏ္ဍကို ပြည်သူ့ အကျိုးပြု ဝန်ဆောင်မှု (Public Utility) တစ်ခု အဖြစ်ရှုမြင်ခဲ့ကြပါသည်။

၁၉၈၀ ခုနှစ်များ မတိုင်ခင်က ဆက်သွယ်ရေးကဏ္ဍကို နိုင်ငံတော်ကသာ ဆောင်ရွက်ခဲ့ သော်လည်း နောင်တွင် ဆက်သွယ်ရေးကဏ္ဍ၌ ဥပဒေ ထိန်းချုပ်မှုများကို ဖြေလျှော့ပေးခြင်း၊ ဆက်သွယ်ရေး လုပ်ငန်း များကို ပုဂ္ဂလိက ကဏ္ဍ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက ကဏ္ဍ အဖြစ် အသွင်ပြောင်းခြင်းကို စတင်ဆောင်ရွက် ခဲ့ပါသည်။

ဆက်သွယ်ရေးသည် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှု ပေးရေးနှင့် အစိုးရ၏ နေ့စဉ်အုပ်ချုပ်ရေးကိစ္စများတွင် မရှိမဖြစ် အရေးပါရုံမျှသာမက စီးပွါးရေး၊ လူမှုရေး၊ နိုင်ငံရေး၊ လုံခြုံရေးရည်မှန်းချက်များ ပြည့်မီရေးနှင့် ပြည်သူတို့၏ဘဝ နေထိုင်မှု အဆင့်အတန်း မြင့်မားရေးအတွက်လည်း များစွာ အထောက်အကူပြု နေပါသည်။

တိုင်းသူပြည်သားများ၏ဝင်ငွေ အဆင့်နှင့်နေထိုင်မှု အဆင့်မြင့်မားလာသည်နှင့်အမျှ ဆက်သွယ် ရေး ဆိုင်ရာ ဝန်ဆောင်မှုများအပေါ် သုံးစွဲလိုမှုလည်း တက်လာတတ်ပါသည်။

ယနေ့ ကမ္ဘာနှင့်အဝှမ်း လွှမ်းခြုံဆက်နွယ်နေသောခေတ်၌ သတင်းသည် ကုန်ထုတ် အင်အားစု တစ်ရပ်အဖြစ် အသွင်ပြောင်းလာပါသည်။ ယခင်က ကုန်ထုတ်အင်အားစု (Factor of Production) အဖြစ် မြေယာ၊ အရင်းအနှီးနှင့် လုပ်သားအင်အားတို့ကိုသာ ရှုမြင်ခဲ့ကြသော်လည်း ယခုအခါ သတင်းကိုပါ ကုန်ထုတ်အင်အားစုအဖြစ် ထည့်သွင်းစဉ်းစား လာကြပါသည်။ သတင်း အချက်အလက်များကို ရယူခြင်း၊ ဖန်တီးခြင်း၊ သတင်းအချက်အလက်များ စုဆောင်းခြင်း၊

ဖြန့်ချီခြင်း စသည့် လုပ်ငန်းများ၌ ဆက်သွယ်ရေး၏ အရေးပါမှုကိုလည်း အားလုံးက အသိအမှတ်ပြုလာကြပါသည်။

ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသည့် အခန်းမှ ပါဝင်နေသော စီးပွားရေးကဏ္ဍ တစ်ခုဖြစ်ရာ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး၊ အုပ်ချုပ်ရေး နှင့် စီမံရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ သဘာဝဘေးဒဏ်မှ ကာကွယ်ရေး စသည့် အရေးကြီးသည့် လုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် ဆက်သွယ်ရေး ကဏ္ဍသည် အမှန်တကယ်လိုအပ်ချက်ဖြစ်လာပါသည်။

တယ်လီဖုန်းခေါ်ဆိုမှုများ၏ တဝက်ခန့်သည် အလုပ်အကိုင်အခွင့်အလန်းများ၊ ကုန်ပစ္စည်းဈေးနှုန်းများ၊ မြေအရောင်းအဝယ်များ၊ ငွေပေးငွေယူများ၊ အခြားစီးပွါးရေးကိစ္စများနှင့် ဆက်စပ်နေသည်ဟု ပညာရှင်တစ်ဦးက ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။

ထို့ပြင် တယ်လီဖုန်းရှိသော ကျေးရွာရှိ လယ်သမားများက ရောင်းချသည့် လယ်ယာထွက်ကုန်များ၏ ဈေးနှုန်းသည် တယ်လီဖုန်းမရှိသောရွာက လယ်သမားများရောင်းသည့် လယ်ယာထွက်ကုန်များ၏ ဈေးနှုန်းထက် အမြဲပိုရနေသဖြင့် တယ်လီဖုန်းဆက်သွယ်ရေးသည် ကျေးလက်ဒေသနေလယ်သမားတို့ ဝင်ငွေတိုးပွါးရေးကိုလည်း အထောက်အကူပြုပါသည်။

၁၉၉၂ ခုနှစ်တွင် နိုင်ငံပေါင်း (၄၇) နိုင်ငံ၏ အချက်အလက်များကို ၁၉၅၇ မှ ၁၉၇၇ ကြားကာလအတွင်း လေ့လာခဲ့ပါ သည်။ လေ့လာချက်တွင် တယ်လီဖုန်း တိုးတက်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကြား ဆက်စပ်မှုရှိနေပုံကို ဆန်းစစ်ကြည့်ရာဆက်သွယ်ရေးတယ်လီဖုန်းဆိုင်ရာ ကိန်းရှင်သည် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု အတွက် အပေါင်းလက္ခဏာဆောင်သော အကျိုးပြုမှုကို သိသာစွာတွေ့ရကြောင်းဖော်ပြခဲ့ပါ သည်။ **"ဆက်သွယ်ရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံကောင်းစွာရှိနေခြင်းသည် အပိုကုန်ကျစရိတ် (Transaction Cost) ကိုကျဆင်းစေသည်။ ဆက်သွယ်ရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံ ရှိသည့်အခါ ကုန်ထွက်ကိုပိုမိုတိုးတက်စေသည်"** ဟု သုံးသပ်တင်ပြခဲ့ပါသည်။

ဆက်သွယ်ရေး တိုးတက်ဖွံ့ဖြိုးမှုနှင့် တစ်ဦးကျ ဝင်ငွေတိုးတက်မှုတို့ နှစ်ခုကြား ကောင်းစွာ ဆက်စပ်မှု ရှိပါသည်။ ဆက်သွယ်ရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်းသည် အစဉ်တိုးပွားနေသော ပြန်ရချက်(Increasing Return to scale)ကို ရရှိစေနိုင်ပါသည်။ ပြည်သူ့ရေးရာမူဝါဒ ရှုထောင့်မှ ကြည့်လျှင် တိုင်းပြည်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် နည်းပညာ ကွာဟချက် ကျဉ်းမြောင်းစေရေး တို့အတွက် သင့်တင့်လျောက်ပတ်ပြီး စွမ်းဆောင်ရည် ပြည့်ဝသော ဆက်သွယ်ရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံကောင်းရှိရန် အထူးလိုအပ်ပါသည်။

စင်္ကာပူနိုင်ငံသည် ဆက်သွယ်ရေး၏ အရေးပါမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၈၀ ခုနှစ်များကို ဆက်သွယ်ရေး၏ ဆယ်စုနှစ် (Decade of Communication) ဟု သတ်မှတ် ဆောင်ရွက်ခဲ့မှုကြောင့် သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ကမ္ဘာ့ထိပ်သီး နိုင်ငံတစ်ခုအဖြစ် ရပ်တည်လာနိုင်ခဲ့ပါသည်။ ယင်းမှာ ဆက်သွယ်ရေး ကဏ္ဍ၏ အရေးပါမှုကို အသိ အမှတ်ပြုပြီး ဦးစားပေး ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံကလည်း နိုင်ငံတော် အနာဂတ်စီးပွါးရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် ဆက်သွယ် ရေးသည် ပင်မကျောရိုးဖြစ်သည်ဟု သုံးသပ်ထားပါသည်။

တရုတ်ပြည်တွင်လည်း စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ပြီးနောက်ပိုင်း၌ ဆက်သွယ် ရေးကဏ္ဍ၏ အရေးပါမှုကို လက်ခံလာပြီး ဆက်သွယ်ရေး ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကို ပထမ ဦးစားပေး ရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ယခုအခါ တရုတ်ပြည်၌ ဆက်သွယ်ရေး ကဏ္ဍသည် တိုးတက်မှုအမြန်ဆုံး ကဏ္ဍ ဖြစ်သလို အကြီးမားဆုံးဈေးကွက်ရှိရာ ကဏ္ဍလည်း ဖြစ်နေပါသည်။

နိုင်ငံတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ဖွံ့ဖြိုးရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင် ရွက် နေကြရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်အောင်၊ ခေတ်နောက်ကျ မကျန်ရစ် ရအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံတကာနှင့် ရင်ဘောင်တန်း

နိုင်ရန် လိုအပ်ပါ သည်။ မိမိအိမ်နီးချင်းနိုင်ငံများကဲ့သို့ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်အောင် ဆက်သွယ်ရေးကဏ္ဍကိုလည်း အရှိန်အဟုန်ပြင်းပြင်းနှင့် တည်ဆောက် ရမည်ဖြစ်ပါသည်။

၂။ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ

(က) တရုတ်နိုင်ငံ

တရုတ်ပြည်၏ ဆက်သွယ်ရေးကဏ္ဍသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဆက်သွယ်ရေးကဏ္ဍ နှင့်ယှဉ်လျှင် တိုးတက်ဖွံ့ဖြိုးမှုအမြန်ဆုံးနှင့် အကြီးမားဆုံးဈေးကွက်ဖြစ်ပါ သည်။ ဆက်သွယ်ရေး ကဏ္ဍ၏ တိုးနှုန်းသည် တရုတ်ပြည်၏ တိုင်းပြည်ဝင်ငွေ တိုးနှုန်းထက်ပင် များစွာ ပိုမိုမြင့်မား ပါ သည်။ ဤကဲ့သို့ တိုးတက်ရန်အတွက် တရုတ်ပြည်အနေနှင့် ဆက်သွယ်ရေးကဏ္ဍတွင် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို ဆက်တိုက်ပြုလုပ် ခဲ့ကြောင်းတွေ့ရပါ သည်။

၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်စဉ်မှစ၍ ၁၉၈၀ ခုနှစ်များ ကာလ ဈေးကွက် စီးပွားရေးပုံစံ ပြောင်းသည့် အချိန်အထိ တရုတ်ပြည်၏ ဆက်သွယ်ရေးကိစ္စအဝဝ ကို စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန (Ministry of Posts & Telecommunications - MPT) တစ်ခုတည်းကသာ တာဝန်ယူဆောင်ရွက်ခဲ့ရပါ သည်။ MPT သည် လုပ်ငန်းဆောင်ရွက်သူ ဖြစ်သကဲ့သို့ ဥပဒေရေးရာဖြင့် ထိန်းကျောင်းသည့် အဖွဲ့အစည်း တာဝန်ကိုလည်း ယူခဲ့ရပါ သည်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ထူထောင်စဉ်က တရုတ်နိုင်ငံ တစ်ဝန်းလုံးတွင် ဖုန်းလိုင်းပေါင်း ၃၀၀,၀၀၀ သာရှိခဲ့ပါ သည်။ ဤအချက်က ထိုစဉ်ကာလ တရုတ်နိုင်ငံတွင် လူ ၂၀၀၀ ၌ ဖုန်းတစ်လုံး သာရှိကြောင်းကို ဖော်ပြနေပါ သည်။

တရုတ်နိုင်ငံ၏ ထိုစဉ်ကာလများက ဆက်သွယ်ရေးကဏ္ဍသည် ပထမဦးစားပေးကဏ္ဍ မဖြစ်ခဲ့ပါ ။ တရုတ်ပြည်၏ ပြည်တွင်းထုတ်ကုန် (GDP) တိုးနှုန်းက ဆက်သွယ်ရေးကဏ္ဍ တိုးတက်နှုန်းထက် အမြဲလိုမြင့်မား ခဲ့ပါ သည်။ ထို့ပြင် တရုတ်ပြည်၏ ဆက်သွယ်ရေး ကဏ္ဍတိုးတက်မှုသည် မြို့ပြဒေသများ၌သာ အဓိကဖြစ်ပေါ် ခဲ့ပါသည်။

၁၉၈၀ ခုနှစ်များသို့ ရောက်သည့်အခါ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၌ ဆက်သွယ်ရေး ကဏ္ဍ၏ ပါဝင်မှု အခန်းကဏ္ဍနှင့်ပတ်သက်၍ အတွေးအခေါ် ပြောင်းလာပါ သည်။ ပြုပြင် ပြောင်းလဲမှုဖြစ်စဉ်၌ ဆက်သွယ်ရေး ကဏ္ဍသည် ပထမဦးစားပေး အဆင့်သို့ ရောက်ရှိသွားပါ သည်။

၁၉၉၂ ခုနှစ်ကတရုတ်ပြည်၌ကြိုးဖုန်းတစ်လုံးတပ်ဆင်ခွင့်ရရန်အချိန်လေးလခန့် စောင့်ဆိုင်း ရပါသည်။ ကြိုးဖုန်းတပ်ဆင်ခကုန်ကျစရိတ်မှာ တရုတ်ယွမ်ငွေ ၂၅၇၁ ရှိရာ ထိုစရိတ်မှာ သာမန်ဝန်ထမ်းတစ်ဦး၏ ၆လစာနှင့် ညီမျှပါသည်။

တယ်လီဖုန်း အရေအတွက် ၁% ပိုမိုတိုးတက်လာခြင်းသည် စုစုပေါင်းတိုင်းပြည်ဝင်ငွေကို ၃% အထိ တိုးတက်စေနိုင်သည်ဟု ယုံကြည်ကြပါ သည်။

တရုတ်အစိုးရကလည်း ဆက်သွယ်ရေးကဏ္ဍကို မဟာဗျူဟာမြောက် ကဏ္ဍကြီး တစ်ခု အဖြစ် သတ်မှတ်ထားခဲ့ပြီး ဆက်သွယ်ရေး လုပ်ငန်းများအတွက် နိုင်ငံတော်မှ ချေးငွေ ထုတ်ပေးခြင်း၊ နိုင်ငံခြားငွေ ထုတ်ချေးခြင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းစုအပေါ်တွင်အထူးအခွန် သက်သာခွင့်များပေးခြင်းကို လုပ်လာပါ သည်။

တရုတ်ပြည်ဆက်သွယ်ရေး ကဏ္ဍတိုးတက်မှုအတွက် အစိုးရက ချမှတ်ကျင့်သုံးခဲ့သော မူဝါဒ " Three Reserved 90% "မူ ဖြစ်ပါ သည်။ ထိုမူအရ ဆက်သွယ်ရေးလုပ်ငန်းစုသည် အစိုးရထံမှ ချေးငွေ၏ ၉၀% ကို ပြန်မဆပ်ဘဲ သက်သာခွင့် ရခြင်း၊ အမြတ်ငွေ၏ ၉၀% ကို အခွန် ဆောင်စရာမလိုခြင်း (အမြတ်ငွေ၏ ၁၀% သာ အခွန်ဆောင်ရန် လိုအပ်ပါသည်။) အပြည်ပြည် ဆိုင်ရာ တယ်လီဖုန်းခေါ်ဆိုခွင့်ရသည့် နိုင်ငံခြားငွေ၏ ၉၀% ကို တရားဝင်ငွေအဖြစ် သိုမှီးထား နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရှိခဲ့ပါ သည်။ သို့သော် ထိုမူကို ၁၉၉၅ တွင် ရုပ်သိမ်းခဲ့ပါ သည်။

ထို့ပြင် ဆက်သွယ်ရေး ကဏ္ဍ၌ အဆောက်အအုံဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကိုလည်း ပြုလုပ် လာခဲ့ပါ သည်။ ၁၉၉၃ ခုနှစ်၌ဆက်သွယ်ရေးကဏ္ဍတွင်လုပ်ငန်းဆောင်ရွက်သူနှင့်ဥပဒေရေးရာ ထိန်းကျောင်း သူတို့အား ဌာန(၂) ခုခွဲ၍ တာဝန်ပေးခဲ့ပါ သည်။

၁၉၈၀ ခုနှစ်များတွင် MPT က ဆက်သွယ်ရေး ၁၅ နှစ် စီမံကိန်းကို ရေးဆွဲခဲ့ပါ သည်။ ထိုစီမံကိန်းကို ရည်မှန်းချက် ကြီးမားလွန်းသော စီမံကိန်းအဖြစ် အများစုက ရှုမြင်သုံးသပ်ကြပသည်။ စီမံကိန်း၏ ရည်မှန်းချက်မှာ ၂၀၀၀ ပြည့်နှစ်တွင် ကြိုးဖုန်း သိပ်သည်းဆ ၂.၈ ရရှိရေး ဖြစ်ပါ သည်။

သို့သော် ထိုကြိုးဖုန်းသိပ်သည်းဆ ၂.၈ ကို တရုတ်ပြည်အနေနှင့် ၂၀၀၀ ပြည့်နှစ် မတိုင်ခင် ကပင် ရရှိခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်၌ ကြိုးဖုန်းသုံးစွဲသူ သန်း ၄၀ ရှိနေခဲ့ပြီး ဖုန်းသိပ်သည်းဆမှာ ၃.၄% ကျော်ရှိနေခဲ့ပြီဖြစ်ပါ သည်။ တရုတ်ပြည်သည် ၁၉၉၆ ခုနှစ် အထိ နှစ်စဉ် ကြိုးဖုန်း ၁၄ သန်း ကျော် တိုးချဲ့တပ်ဆင်ခဲ့ပါသည်။

၂၀၀၂ ခုနှစ်တွင် တရုတ်ပြည်သည် ကမ္ဘာပေါ်၌ တယ်လီဖုန်းအများဆုံး သုံးသော နိုင်ငံဖြစ် လာခဲ့ပါသည်။ တရုတ်ပြည်တွင် ICT အသုံးပြုမှု တိုးနှုန်းက တိုင်းပြည်ဝင်ငွေတိုးနှုန်းကို ၂၀% မှ အထောက်အကူပြုခဲ့သလို စုစုပေါင်း ကုန်ထုတ်စွမ်းအားတိုးနှုန်း (TFP) ကိုလည်း ၃၈% အထိ တိုးတက် စေနိုင်သည်ဟု လေ့လာချက် တစ်ခုအရ သိရပါသည်။

တရုတ်နိုင်ငံ သတင်းနှင့်စက်မှုဝန်ကြီးဌာန၏ ကြေငြာချက်တစ်ခုအရ တရုတ်နိုင်ငံ ICT လုပ်ငန်း၏ ပျမ်းမျှတိုးနှုန်းမှာ ၂၀% မျှ ရှိမည်ဟု ခန့်မှန်း ကြပါသည်။

တရုတ်ပြည်၏ဆက်သွယ်ရေး ဈေးကွက်တွင် ထိရောက်သော ပြိုင်ဆိုင်မှုရှိရေးအတွက် ၁၉၉၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်အကြားတွင် ပထမအဆင့်အဖြစ်စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ် တွင် China Unicom ဆက်သွယ်ရေး ကုမ္ပဏီကို စတင်ထူထောင်ပါသည်။

၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ် အကြား၌ ဒုတိယဆင့်ကို ဆောင်ရွက်ခဲ့ရာ ဆက်သွယ်ရေး ကဏ္ဍ၌ စာတိုက်လုပ်ငန်းနှင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း (Telecommunications) ကို ခွဲထုတ်လိုက်ပါသည်။ ထို့နောက် ဆက်သွယ်ရေးဈေးကွက်၌ လုပ်ငန်း သုံးခုကို အပြိုင်ဆောင်ရွက် စေခဲ့ပါသည်။ ၂၀၀၂ ခုနှစ်က

ဆက်သွယ်ရေးဈေးကွက်၌ လုပ်ငန်း ၆ ခု အပြိုင်ဆောင်ရွက်ခွင့် ပေးခဲ့သော်လည်း ယခုအခါ China Telecom, China Mobile, China Unicom နှင့် China DBZ ဟု ဆက်သွယ်ရေးလုပ်ငန်း လေးခုသာ ရှိပါတော့သည်။ ၂၀၀၈ ခုနှစ်အရောက်တွင် 3G လုပ်ငန်း လုပ်ခွင့်လိုင်စင်ကို ချပေးခဲ့ပါသည်။

၁၉၉၅ ခုနှစ် မတိုင်မီက ဆက်သွယ်ရေးဈေးနှုန်းများ သတ်မှတ်မှုအခြေအနေကို ကြည့်လျှင် ဝန်ဆောင်ခများအားလုံးကို အစိုးရကသာ သတ်မှတ်ခဲ့ကြောင်း တွေ့ရပါသည်။ ဆက်သွယ်ရေး ဈေးကွက်အတွင်း ပြိုင်ဆိုင်မှုကို အစပျိုးပြီးသည့်နောက် ၁၉၉၅-၂၀၀၂ကြား ကာလ၌ အစိုးရက ဈေးနှုန်းသတ်မှတ်ခြင်းအစား အစိုးရက လမ်းညွှန်သော ဈေးနှုန်းသတ်မှတ်မှုပုံစံသို့ ပြောင်းလဲခဲ့ပြီး နောက်ဆုံးတွင် ဈေးကွက်ကသတ်မှတ်သည့် ဈေးနှုန်းပုံစံ ဖြစ်လာပါသည်။

၂၀၀၂ခုနှစ် နောက်ပိုင်းမှ ယခုအချိန်အထိ ကာလကိုကြည့်လျှင် ဆက်သွယ်ရေးဆိုင်ရာ ဈေးနှုန်းများ အခကြေးငွေများကို ဈေးကွက်ကသာ သတ်မှတ်ခဲ့ပါသည်။ သို့သော် ၂၀၀၅ ခုနှစ် မှစ၍ အချို့သော အခြေခံဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် သတ်မှတ်ဈေးနှုန်း ထက်မပိုစေရဟူသော စည်းမျဉ်းများကို အသုံးပြုခဲ့ကြောင်းတွေ့ရပါသည်။

ဆက်သွယ်ရေးဈေးနှုန်းများ ပြုပြင်ပြောင်းလဲခြင်း၏ လားရာမှာ ဆက်သွယ်ရေးဆိုင်ရာ ဈေးနှုန်းများသည် ဈေးကွက်ယန္တရားကသာအဆုံးအဖြတ်ပေးနိုင်သည့် အသွင်ကိုဆောင်လာခဲ့သလိုသုံးစွဲသူများ၏ အခွင့်အရေးကို ကာကွယ်မှုများလည်းပေးထားပါသည်။ ထို့ပြင်ဈေးကွက်အတွင်းမျှတသောပြိုင်ဆိုင်မှုရှိရန်လည်း ဖန်တီးပေးထားပါသည်။

ပြိုင်ဆိုင်မှုရှိခြင်းကြောင့် ကြိုးဖုန်း၊ မိုဘိုင်းဖုန်းများ၏ ခေါ်ဆိုခနှုန်းထားများမှာပြည်တွင်းရော ပြည်ပခေါ်ဆိုခပါ လွန်ခဲ့သော (၆)နှစ်အတွင်းကျဆင်းလာကြောင်းတွေ့ရပါ သည်။

သုံးစွဲခနှုန်းထားများ ကျဆင်းလာခြင်းကြောင့် ကြိုးဖုန်းနှင့် မိုဘိုင်းဖုန်းတို့၏ နှစ်စဉ် ထိုးဖောက်သုံးစွဲမှုနှုန်း (Penetration Rate) မှာ တိုးတက်လာခဲ့ရာ ၂၀၀၉ ခုနှစ်တွင် ၅၆% အထိ ရှိခဲ့ပါသည်။ ဤအချက်ကို (ပုံ-၂(က-၁)) ၌ ဖော်ပြထားပါသည်။



(ပုံ-၂(က-၁))၊ ကြိုးဖုန်းနှင့် မိုဘိုင်းဖုန်းတို့၏ နှစ်စဉ် ထိုးဖောက်သုံးစွဲမှုနှုန်း

ဆက်သွယ်ရေးလုပ်ငန်းက ရရှိသော ဝင်ငွေအခြေအနေကို လေ့လာကြည့်ရာ ၁၉၉၀ ခုနှစ်တွင် ဝင်ငွေယွမ် (၁၁) ဘီလီယံသာရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ယွမ် ၃၀၁.၄၀ ဘီလီယံသို့ ၄င်း၂၀၁၀ပြည့်နှစ်တွင် ယွမ်းငွေ ၃ ထရီလီယံအထိ၄င်း တိုးတက်လာခဲ့သည်ကို တွေ့ရပါသည်။ ထိုဝင်ငွေ၏ ၇၀% မှာ မိုဘိုင်းဖုန်း လုပ်ငန်းမှ ဝင်ငွေဖြစ်ပါသည်။

တယ်လီဖုန်းတပ်ဆင်သုံးစွဲမှုကိုကြည့်လျှင် ၁၉၈၉ ခုနှစ်က ကြိုးဖုန်းသုံးစွဲသူ ၅၆.၈ သန်းသာ ရှိရာမှ ၂၀၀၀ပြည့်နှစ်တွင် သုံးစွဲသူ ၁၄၄.၈၂၉သန်း သို့၄င်း၊ ၂၀၁၀ ပြည့်နှစ်တွင် သုံးစွဲသူ သန်း၂၉၄.၃၈၄သန်း သို့၄င်း အသီးသီး တိုးတက်လာခဲ့ပါသည်။ ဤအချက်ကို ဇယား(၂(က-၁))၌ ဖော်ပြပထားပါသည်။ ထိုနည်းတူ မိုဘိုင်းဖုန်းသုံးစွဲသူဦးရေမှာလည်း ၁၉၈၉ ခုနှစ်တွင် တစ်သောင်း ခန့်သာ ရှိခဲ့ရာမှ ၂၀၀၀ပြပည့်နှစ်တွင် ၈၅.၂၆ သန်း၊ ၂၀၁၀ ပြည့်နှစ်တွင် ၈၅၉ သန်းအထိ တိုးတက်လာ ကြောင်းတွေ့ရပါသည်။

ဇယား (၂(က-၁))၊ တရုတ်နိုင်ငံ၏ ကြိုးဖုန်းနှင့်မိုဘိုင်းဖုန်းတို့၏ တိုးတက်မှုအပြခေအနေ

ခုနှစ်	တယ်လီဖုန်း လုပ်ငန်းမှ ဝင်ငွေ(ဘီလီယံ) (ယွမ်ငွေ)	လိုင်းဖုန်း (ထောင်ပေါင်း)	လိုင်းဖုန်း သိပ်သည်းဆ	မိုဘိုင်းဖုန်း (ထောင်ပေါင်း)	မိုဘိုင်းဖုန်း သိပ်သည်းဆ
1990	11.00	6,850		18	
1995	87.60	40,796		3,629	
2000	301.40	144,829	11.41	85,260	6.72
2005		350,445	26.80	393,406	30.09
2010	၃ ထရီလီယံ (ယွမ်ငွေ)	294,383	21.95	859,003	64.04

တရုတ်ပြည်၏ ICT ဈေးကွက်ကို ကြည့်လျှင် အမာထည်ပစ္စည်းထုတ်လုပ်မှုကို ၅၀% ၊ ဆက်သွယ်ရေးပစ္စည်းထုတ်လုပ်မှုက ၃၇% နှင့် အပျော့ထည်က ၈% နေရာယူထားသည်ကိုတွေ့ ရပါသည်။ ၂၀၁၀ ခုနှစ်တွင် တရုတ်ပြပည်၌ အင်တာနက်သုံးစွဲသူပေါင်း ၄၅၇ သန်း ရှိနေပြီး မိုဘိုင်းဖုန်းသုံးစွဲသူပေါင်း ၈၅၉ သန်း ရှိနေရာ ICT လုပ်ငန်းစု အတွက်လည်း ကြီးမားကျယ်ပြပန့် သောဈေးကွက်ကြီးတစ်ခုအဖြစ်တည်ရှိနေပါသည်။

တရုတ်ပြည်သည် Laptop ကွန်ပျူတာများ၊မိုဘိုင်းဖုန်းများ၊ DVD များ၊ တီဗီနှင့် ကင်မရာ များကို ကမ္ဘာပေါ်တွင် အများဆုံးတင်ပို့ပေးနေသော နိုင်ငံဖြစ်ပါသည်။ ဥပမာ Lenovo ကွန်ပျူတာ သည် ကမ္ဘာ့ PC

ဈေးကွက်၏ ၃၂% ဝေစုကို ရယူထားပါသည်။ အဆင့်မြင့်နည်း ပညာရရှိမှုနှင့် အတူ ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားလာမှုကြောင့် တရုတ်ပြည်၏ မိုဘိုင်းဖုန်းသုံး ပစ္စည်း တင်သွင်းမှုမှာလည်း ၂၀၀၇ ခုနှစ်မှ စ၍ ကျဆင်းလာခဲ့ပါသည်။

တရုတ်နိုင်ငံ Software လုပ်ငန်း၏ ဝင်ငွေကိုကြည့်လျှင် ၂၀၁၀ ခုနှစ်၌ အမေရိကန် ဒေါ်လာ ၂၀၃ ဘီလီယံ အထိရှိခဲ့ကြောင်းတွေ့ရပါသည်။ တရုတ်ပြည်၏ Software ဈေးကွက် သည် ပြိုင်ဆိုင်မှု ပြင်းထန်ပါသည်။ ၂၀၀၈ ခုနှစ် စာရင်းများအရ တရုတ်ပြည်၌ Software လုပ်နေသော ကုမ္ပဏီပေါင်း ၁၆၀၀၀ ကျော်ရှိပါသည်။

IT လုပ်ငန်းပိုင်းတွင် ပြည်ပနိုင်ငံများမှ IT သွင်းကုန်ပစ္စည်းမရှိသလောက် ဖြစ်နေခြင်းမှာ ထူးခြားချက်ဖြစ်ပါသည်။၎င်းအချက်က IT လုပ်ငန်းကုမ္ပဏီအများစုသည် တရုတ်ပြည်၌ ရောက်ရှိ အခြေချ ဆောင်ရွက်နေခြင်းကို ပြဆိုပါသည်။ တရုတ်ပြည်ရှိ IT ကုမ္ပဏီအများစုသည် ဈေးနှုန်း၊ လုပ်ငန်းပမာဏ ၊ နယ်မြေကြီးစိုးနိုင်မှု၊နည်းပညာအသာစီးရမှု၊ဝန်ထမ်းကျွမ်းကျင်မှုစသည့်နယ်ပယ်အသီးသီး၌ ယှဉ်ပြိုင်နေကြပါသည်။

တရုတ်ပြည်၏ IT လုပ်ငန်းစုအတွင်း ဝင်ရောက်ဆောင်ရွက်ရန်မှာ လွယ်ကူပါသည်။ တရုတ်ပြည် ICT ကဏ္ဍ၌ ဝင်ရောက်ဆောင်ရွက်နေသော ကုမ္ပဏီများစာရင်းကိုဇယား(၂(က-၂))၌ ဖော်ပြထားပါသည်။

ဇယား(၂(က-၂))၊ တရုတ်ပြည် ICT ကဏ္ဍ၌ ဝင်ရောက်ဆောင်ရွက်နေသော ကုမ္ပဏီများစာရင်း

ICT players

	Network infrastructure suppliers	Network operators and service providers	Suppliers of computer hardware and software	Media, content providers, e-commerce platforms	ICT consultants and systems integrators	Web/app/game developers and design/marketing agencies	Distributors
Domestic	Huawei Datang ZTE	China Mobile China Telecom China UNICOM China DBSAT	PC: Lenovo Founder Haier Tsinghua Tongfang Components: Foxconn Tech-Com Software: Insigma Beyondsoft Chinasoft hiSoft Kingdee Neusoft UFIDA	Sina Baidu Sohu Tencent NetEase Youku Kaixin Ctrip Taobao Alibaba 360buy Dangdang Vancl	Tsinghua Tongfang Great Wall PCCW	Shanda KongZhong The9 NetDragon Giant Interactive Perfect World ChangYou	Digital China ECSChina Unis Digital Highly IT Founder Changhong Xiaotong
Foreign	Alcatel Nortel Networks Motorola Ericsson Cisco Nokia Siemens		IBM HP Dell Apple -------- Microsoft Oracle SAP, Cisco CDC Software	Amazon Eachnet (ebay)	IBM HP	Yourzine OlgivyOne UbiSoft Electronic Arts	Ingram Micro

တရုတ်ပြည်၏ သတင်းအချက်အလက်နည်းပညာ လုပ်ငန်းစု (ICT Industry)၏ နှစ်စဉ်ဝင်ငွေကို လေ့လာကြည့်ရာ ၂၀၀၁ ခုနှစ်မှ ၂၀၀၈ ခုနှစ် အကြားတွင် နှစ်စဉ်တိုးနှုန်း ၂၇.၄ % အထိရှိကြောင်း တွေ့ရပါသည်။ ထိုလုပ်ငန်းစုအနေဖြင့် ၂၀၀၁ ခုနှစ်တွင် ဝင်ငွေယွမ် ၁.၁၈၈၅ ထရီလီယံ (၁ ထရီလီယံ= ၁၀၀၀ ဘီလီယံ) ရှိခဲ့ ရာမှ ၂၀၀၈ ခုနှစ်တွင် ဝင်ငွေယွမ် ၆.၄၈၁၄ ထရီလီယံ အထိရှိခဲ့သဖြင့်ICT လုပ်ငန်းစု နှစ်စဉ်ဝင်ငွေမှာ သိသာစွာ တိုးတက်လာပါသည်။ ICT လုပ်ငန်းစုအနေနှင့် ထပ်ဆင့်တန်ဘိုးမည်မျှထုတ်လုပ်ပေးနိုင်သည်ကိုစီစစ်ကြည့်ရာ ထပ်ဆင့်တန်ဘိုး ထုတ်လုပ်ပေးနိုင်မှုမှာလဲနှစ်စဉ်တိုးမြင့်လာခဲ့ကြောင်းတွေ့ရပါသည်။ထပ်ဆင့်တန်ဘိုး ထုတ်လုပ်ပေးနိုင်မှုမှာ ၂၀၀၁ ခုနှစ် တွင် ယွမ်ငွေ ၂.၃၇၂ ထရီလီယံသာရှိရာမှ ၂၀၀၈ခုနှစ်တွင် ယွမ်ငွေ ၁၁.၄၅၉ ထရီလီယံထိ တိုးတက်လာကြောင်း တွေ့ရပါသည်။ ဇယား (၂(က-၃))၌ ဤအချက်ကို ဖော်ပြထားပါသည်။

ဇယား (၂(က-၃))၊ တရုတ်ပြည်၏ သတင်းအချက်အလက်နည်းပညာ လုပ်ငန်းစု၏ နှစ်စဉ်ဝင်ငွေနှင့် ဝင်ငွေတိုးနှုန်း



Year	2001	2002	2003	2004	2005	2006	2007	2008(E)
China ICT industry revenue	11,885	14,000	18,800	26,532	38,417	47,500	56,000	64,814
Revenue GR Y2Y	--	17.8%	34.3%	41.1%	44.8%	23.6%	17.9%	15.7%
China ICT industrial added value	2,372	2,715	3,544	5,193	6,701	8,155	9,948	11,459
Added value GR Y2Y	--	14.4%	30.5%	46.6%	29.0%	21.7%	22.0%	15.2%

ထို့ပြင် အဆိုပါလုပ်ငန်းစုမှ တရုတ်နိုင်ငံ၏ တိုင်းပြည်ဝင်ငွေ (GDP) အား မည်သည့် အတိုင်းအတာအထိ အကျိုးပြုပေးနေသည်ကို ဆက်လက်လေ့လာကြည့်ရာ ၂၀၁၁ ခုနှစ်တွင် ICT လုပ်ငန်းစုမှ GDP ၏ ၂.၁ % အထိ ပါဝင် အထောက်အကူပြုပေးခဲ့ ရာမှ ၂၀၀၈ ခုနှစ်တွင် ၄.၂ % အထိ ပါဝင် အထောက်အကူပြုပေးနိုင်ခဲ့ကြောင်း တွေ့ရပါသည်။ ဤအချက်ကို ဂရပ် (၂(က-၁)) ၌ ဖော်ပြပါသည်။ Digital review of Asia Pacific စာရင်းအရ ၂၀၀၉-၂၀၁၀ ကာလအတွင်း ICT လုပ်ငန်းစုမှ GDPသို့ ပါဝင် အကျိုးပြုပေးနိုင်မှုမှာ ၅.၇% ရှိကြောင်း တွေ့ရပါသည်။

ဂရပ် (၂(က-၁))၊ ICT လုပ်ငန်းစုမှ GDPသို့ ပါဝင်အကျိုးပြုပေးနိုင်မှု



ICT လုပ်ငန်းစု၏ ပို့ကုန်ကိုကြည့်လျှင်လည်း ၂၀၀၁ ခုနှစ်တွင် စုစုပေါင်းပို့ကုန်၏ ၂၄.၅% အချိုးအစားရှိရာမှ ၂၀၀၈ ခုနှစ်တွင်စုစုပေါင်းပို့ကုန်၏ ၃၇% ခန့်အထိပိုမိုပါဝင်လာခဲ့ပါသည်။ စုစုပေါင်းပို့ကုန်တွင် ICT လုပ်ငန်းစု ပို့ကုန်မှာ ပိုမိုအရေးပါလာကြောင်းထင်ရှားပါသည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်းစုစုပေါင်းပို့ကုန်၏နှစ်စဉ်တိုးနှုန်းမှာ၂၇.၄%သာရှိသော်လည်းICTလုပ်ငန်းစုပို့ကုန်တိုးနှုန်းမှာ ၃၅.၂ % အထိရှိသဖြင့် ICT ပို့ကုန်လုပ်ငန်းကတရုတ်ပြည်၌ပိုမိုအရေးပါလာသည်ကို သိမြင်နိုင်ပါသည်။တရုပ်ပြည် ICT လုပ်ငန်းစု၏ပို့ကုန်ဝင်ငွေမှာ၂၀၀၁ ခုနှစ် တွင်ယွမ်ငွေ ၆၅.၀၉ ဘီလီယံရှိခဲ့ရာမှ ၂၀၀၈ခုနှစ်တွင်ယွမ်ငွေ ၅၃၆.၉ ဘီလီယံအထိတိုးတက်လာခဲ့ကြောင်းတွေ့ရပါသည်။ဤအချက်ကို ဂရပ်(၂(က-၂))ဖြင့် ဖော်ပြပါသည်။

ဂရပ် (၂(က-၂))၊ ICT ပို့ကုန် နှင့် တိုင်းပြည်ပို့ကုန်



Year	2001	2002	2003	2004	2005	2006	2007	2008 (E)
National Total export revenue	2661.0	3256.0	4382.3	5933.2	7619.5	9689.4	12180.0	14530.0
ICT Industry export revenue	650.9	920.4	1420.9	2075.0	2681.7	3639.8	4595.2	5369.0
ICT /Total export	**24.5%**	**28.3%**	**32.4%**	**35.0%**	**35.2%**	**37.6%**	**37.7%**	**37.0%**

ata Source: General Administration of Customs (GAC) & MIIT

(ခ) အိန္ဒိယနိုင်ငံ

India Telegraph Act (1985) နှင့် Wireless Telegraph Act (1932) တို့အရ အိန္ဒိယနိုင်ငံ၏ ဆက်သွယ်ရေးကို အစိုးရကသာစီမံခန့်ခွဲပိုင်ခွင့်ပေးထားခဲ့ပါသည်။

၁၉၉၄ ခုနှစ်၌ နိုင်ငံတော်ဆက်သွယ်ရေး မူဝါဒ (National Telecom Policy - NPT) ချမှတ်ခဲ့ရာ ထိုမူဝါဒအရ ဆက်သွယ်ရေးဈေးကွက်၌ ပြောင်းလဲမှုများ ရှိလာခဲ့ပါသည်။ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုတွင် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျသည် ဟုလည်း အသိအမှတ်ပြုလာပါသည်။ ပုဂ္ဂလိက ဆက်သွယ်ရေးကုမ္ပဏီများက ဆက်သွယ်ရေးဆိုင်ရာ အခြေခံ ဝန်ဆောင်မှုများပေးခြင်းကိုလည်း အလေးပေး လာခဲ့ပါသည်။

ဆက်သွယ်ရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံပိုင်း၌လည်း ချို့တဲ့မှု ရှိနေခဲ့ရာ အစောပိုင်းကာလများက လူထု၏ လိုအပ်ချက်ကို ပြည့်ဝစွာ မဖြည့်ဆည်းပေးနိုင်ခဲ့ပါ။ သို့သော် လက်ရှိအခြေအနေ၌ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဈေးကွက်၌ ဆက်သွယ်ရေးပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် ဒုတိယ ဆွဲဆောင်မှု အရှိဆုံး ဈေးကွက်အဖြစ် တည်ရှိနေပါသည်။

အတိတ်ကာလက အိန္ဒိယနိုင်ငံတွင် တယ်လီဖုန်းတစ်လုံး တပ်ဆင်သုံးစွဲခွင့်ရရန်အတွက် ၂ နှစ်ကျော်ကြာ စောင့်ရန်လိုအပ်ပါသည်။သို့သော်လည်းယခုအခါအိန္ဒိယနိုင်ငံ၏လူဦးရေတစ်ဝက်ကျော် (၅၂.၇၄%) မှာ တယ်လီဖုန်း သုံးစွဲခွင့် ရနေကြပြီ ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံက ထုတ်ပြန်သောစာရင်းများအရ တယ်လီဖုန်းမရှိသော ကျေးရွာပေါင်း ၅၉၃၆၀၁ ရွာအနက် ကျေးရွာပေါင်း ၅၆၉၃၈၅ ရွာ၌ တယ်လီဖုန်းဆက်သွယ်မှု ရသွားခဲ့ပြီဖြစ်ရာ ကျေးရွာစုစုပေါင်း၏ ၉၅% ကို ဆက်သွယ်ရေးဖြင့် အကျိုးပြုနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ထို့ပြင် ကြိုးဖုန်း သုံးစွဲသူ ၃၆.၉၅ သန်းနှင့် မိုဘိုင်းဖုန်းသုံးစွဲသူ ၅၄၈.၃၂ သန်းရှိပြီး ဆက်သွယ်ရေးကဏ္ဍတွင် ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ငွေပမာဏ ဒေါ်လာသန်းပေါင်း ၄၀၇၀ ရှိကြောင်း တွေ့ရပါသည်။ အိန္ဒိယနိုင်ငံ၌ အင်တာနက်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းပေါင်း၃၇၁ ခုရှိပါသည်။

ယခင်က မိုဘိုင်းဖုန်းသည် အိန္ဒိယနိုင်ငံသားတို့အတွက် အထက်တန်းလွှာသုံး ဇိမ်ခံပစ္စည်း တစ်ခုအဖြစ် ရှိခဲ့သော်လည်း ဆယ်စုနှစ်တစ်ခုအတွင်း အသွင်ပြောင်းလာခဲ့ပါသည်။ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို ဈေးကွက်၏လိုအပ်ချက်နှင့်အညီပြောင်းလဲပြင်ဆင်ခြင်း၊ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်သူကုမ္ပဏီများအကြား ပြိုင်ဆိုင်မှု ပြင်းထန်ခြင်း မိုဘိုင်းဖုန်းများကို ဈေးချိုချိုသာစွာ ဝယ်ယူသုံးစွဲနိုင်ခြင်း၊ ဖုန်းပြောဆိုခနိမ့်ကျခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကျောထောက် နောက်ခံ အဆောက်အအုံနှင့် ကွန်ရက်ပိုင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုသိသာစွာ မြင့်မားလာခြင်း တို့ကြောင့် မိုဘိုင်းဖုန်းသည် အများသုံး၊ မရှိမဖြစ်ပစ္စည်း တစ်ခုအသွင် ပြောင်းလာရခြင်းဖြစ် ပါသည်။

" အိန္ဒိယနိုင်ငံ၏ အနာဂတ် စီးပွားရေးအတွက် ဆက်သွယ်ရေးသည် ကျောရိုးဖြစ် လာပါ သည်။ နိုင်ငံတကာစံနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ထားသည့် ဆက်သွယ်ရေးဆိုင်ရာကျောထောက် နောက်ခံအဆောက်အအုံတိုးတက်ဖြစ်ပေါ်မှုအပေါ်၌အိန္ဒိယနိုင်ငံ၏ နိုင်ငံတကာပြိုင်ဆိုင်နိုင်အား သည် ပိုမို မိုခိုလာရသည် " ဟု အိန္ဒိယ အသိုင်းအဝိုင်းက ယုံကြည်ယူဆလာခဲ့ကြပါ သည်။

ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ လုပ်ခြင်းကြောင့် အလုပ်အကိုင် အခွင့်အလန်း သစ်များ ပိုမိုရရှိပြီး အလုပ်အကိုင်ရရှိမှုနှုန်းမှာ ၂၀.၇၆% အထိတိုးလာခဲ့ပါသည်။ ဆက်သွယ်ရေး ကဏ္ဍတွင် ပြိုင်ဆိုင်မှုရှိလာခြင်းကြောင့် ဝန်ဆောင်မှုများ ဈေးပိုချိုလာကာ အရည်အသွေးလည်း ပိုမြင့်လာပါသည်။ ဆက်သွယ်ရေးစရိတ် ချိုလာခြင်းသည် စီးပွားရေး လုပ်ငန်းများ ပိုမိုကြီးထွား လာစေခြင်း၊ မိသားစုအပေါင်းအဖော်များကြား ပိုမို ရင်းနှီးမှု ပိုမိုခိုင်မာလာခြင်း စသည့် အကျိုးများ ရှိလာစေပါသည်။ ထို့ပြင် ဆက်သွယ်ရေး နည်းပညာအသစ်များကို အသုံးချပြီး ကျေးလက်စီးပွားရေး ကဏ္ဍများပါ အကျိုးရှိလာစေပါသည်။ ကျေးလက်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး လုပ်ငန်း များကိုလည်း ဆက်သွယ်ရေးက အထောက်အကူပြုလာနိုင်ပါသည်။

မိုဘိုင်းဖုန်း အသုံးပြုမှု တိုးပွားလာခြင်းကြောင့်အိန္ဒိယနိုင်ငံ၏ ကြိုးဖုန်း သုံးစွဲမှု တိုးနှုန်းမှာ ၂၀၁၀ ခုနှစ်တွင် ၃.၃ % သာရှိခဲ့ပါသည်။ ၂၀၁၀ ခုနှစ် စက်တင်ဘာလ အထိ အိန္ဒိယနိုင်ငံ၌ PCO ပေါင်း ၃.၅ သန်း ရှိပြီး ရွာပေါင်း ၆ သိန်းခန့်၌ တယ်လီဖုန်းရှိနေပြီ ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍက တိုင်းပြည်ဝင်ငွေအပေါ်ပါဝင် အကျိုးပြုမှုကို လေ့လာကြည့်ရာ ၂၀၀၀ ပြည့်နှစ်၌ ၁.၅၄ % ရှိရာမှ ၂၀၀၉ ခုနှစ်တွင် ၂.၈ % အထိ တိုးတက်လာခဲ့ကြောင်း တွေ့ရသော်လည်း ၂၀၁၀ ခုနှစ်တွင် ၂.၄ % သို့ကျသွားပါသည်။ ဤအချက်ကို အောက်ပါ ဂရပ် (၂(ခ-၁)) တွင် ဖော်ပြထားပါသည်။

ဂရပ် (၂(ခ-၁))၊ ဆက်သွယ်ရေးကဏ္ဍက တိုင်းပြည်ဝင်ငွေအပေါ်ပါဝင် အကျိုးပြုမှု



Source: TRAI; Ernst & Young estimates

ဂရပ် (၂(ခ-၂))၊ GDP ၌ ICT ၏ ပါဝင်မှု အချိုး



အိန္ဒိယနိုင်ငံ၏ အဝေးပြေးတယ်လီဖုန်း ခေါ်ဆိုမှုအပိုင်းအား ၁၉၉၉ ခုနှစ်တွင် ပုဂ္ဂလိက ကုမ္ပဏီများသို့ လုပ်ပိုင်ခွင့်လိုင်စင်ပေးခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် ဤလုပ်ငန်းလုပ်နေသော ကုမ္ပဏီပေါင်း ၂၉ရှိပြီး ဖြစ်ပါသည်။ အဝေးပြေး တယ်လီဖုန်းခေါ်ဆိုမှုဈေးကွက်သည် ၂၀၁၀ ခုနှစ် ၌ တိုးတက်မှုနှုန်း ၁၃.၇% ရှိခဲ့ပြီး ဝင်ငွေ ရူပီး ၁၆၄ ဘီလီယံ ရခဲ့ပါသည်။

ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုလုပ်ငန်းနှင့်ပတ်သက်၍ ၂၀၀၂ ခုနှစ် ပုဂ္ဂလိကလုပ်ငန်းများ အား လုပ်ပိုင်ခွင့်ပေးခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် ဤလုပ်ငန်းမှ ဝင်ငွေ ရူပီး ၁၇၆ ဘီလီယံရခဲ့ပြီး လုပ်ငန်းလုပ်နေသည့် ကုမ္ပဏီပေါင်း၂၄ ခုရှိပါသည်။

အိန္ဒိယနိုင်ငံသည်ဆက်သွယ်ရေးပစ္စည်းများထုတ်လုပ်သော်လည်းပြည်တွင်းလုပ်ငန်းရှင်များကလိုအပ်ချက်၏ ၄၀% ကိုသာ ဖြည့်ဆည်းပေးနိုင်ပါသည်။တာဝါနှင့် ကေဘယ်ကြိုးများမှ လွဲ၍ ဆက်သွယ်ရေးပစ္စည်းအများစုမှာ သွင်းကုန်အပေါ်မှီခိုနေရဆဲဖြစ်ပါသည်။ထိုပြင်အိန္ဒိယဆက်သွယ်ရေးလုပ်ငန်းစုအနေနှင့် လျှပ်စစ်မီးရရှိရေး အခက်အခဲ ရှိသလိုတရုတ်ပြည်၏ဈေးချို သောပစ္စည်းများ၏ပြိုင်ဆိုင်မှုကိုလည်း ရင်ဆိုင်နေရပါသည်။

၂၀၀၀ ပြည့်နှစ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၇ ဘီလီယံသာ ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင်အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံ အထိ (၅) ဆ တိုးလာခဲ့ပါသည်။ ဤကဲ့သို့ဝင်ငွေသိသာစွာ တိုးလာရခြင်းအကြောင်းရင်းမှာဈေးချိုသော မိုဘိုင်းဖုန်းများကိုလွယ်လင့်တကူဝယ်ယူသုံးစွဲနိုင်ခြင်း၊ တယ်လီ ဖုန်းခေါ်ဆိုခ

များ ဈေးသက်သာခြင်း၊ မြို့ပြရော ကျေးလက်မှာပါ မိုဘိုင်းဖုန်းသုံးစွဲမှု သိသာစွာ များပြားလာခြင်းနှင့် ထပ်ဆင့်တန်ဖိုးတိုးသော ဝန်ဆောင်မှုများပေးလာခြင်းတို့ကြောင့်ဖြစ်ပါသည်။ထိုပြင် ဆက်သွယ်ရေး ဆိုင်ရာ ကျော ထောက်နောက်ခံအဆောက်အအုံကိုလည်း ဆက်သွယ်ရေးလုပ်ငန်းလုပ်သည့် ကုမ္ပဏီများအကြား မျှဝေသုံးစွဲမှု ရှိလာခြင်းက ဆက်သွယ်ရေးစရိတ်များကို သိသာစွာကျဆင်းစေခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍက အိန္ဒိယနိုင်ငံ၏ GDP အပေါ် အကျိုးပြု (Contribution) ပေးနိုင်မှုမှာ ၂၀၀၆ ခုနှစ်တွင်၁.၅% သာရှိရာမှ ၂၀၁၀ တွင်၂.၈% အထိရှိလာခဲ့ပါသည်။ဤကဲ့သို့အကျိုးပြုမှုသည်စီးပွားရေး အဆောက်အအုံပေါ်တွင်ဆင့်ပွား အကျိုးသက်ရောက်မှုများစွာကိုရရှိစေပါသည်။ အိန္ဒိယအစိုးရအနေနှင့် ၂၀၁၄ ခုနှစ်၌ ကျေးလက်ဒေသနေ လူဦးရေ၏ ၄၀% ကို တယ်လီဖုန်းသုံးစွဲခွင့်ရအောင်စီစဉ်ပေးမည့် စီမံကိန်းလဲ ရှိနေပါသည်။

အိန္ဒိယဆက်သွယ်ရေးဌာန၏ အဓိပ္ပါယ်ကရည်မှန်းချက်မှာ ကျေးလက်ဒေသများသို့ အသံနှင့် သာမက အချက်အလက်များပြဖြင့်ပါ ဆက်သွယ်နိုင်ရေးပင် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ ICT ကဏ္ဍတိုးတက်မှုအခြေအနေ

	2000-01	2001-02	2002-03	2003-04	2004-05	2005-06	2006-07	2007-08
A. GDP at factor cost	**19250**	**20977**	**22614**	**25382**	**28777**	**32824**	**37794**	**43209**
(i) computer related Services (in brackets: % of total ICT service)	269(46)	339(47)	414(52)	546(55)	708(57)	918(59)	1178(61)	1452(61)
(ii) Communication (in brackets: % of total ICT service)	318(54)	381(53)	376(48)	450(45)	536(43)	630(41)	763(39)	931(39)
B. Total ICT services sector GDP (i) + (ii)	587	720	790	996	1244	1548	1941	2383
C. ICT org mfg GVA	69	75	94	101	96	133	122	147
D. Total ICT Sector GDP (B) + (C)	656	795	884	1097	1340	1681	2063	2530
E. Manufacturing sector GDP	3004	3153	3460	3885	4536	5194	6180	7311
F. Services sector GDP	9713	10796	11909	13399	15142	17173	19848	24042
G. Share of ICT mfg to mfg sector GDP (in %)	2.3	2.4	2.7	2.6	2.1	2.6	2.0	2.0
H. Share of ICT services GDP to Services sector GDP (%)	6.04	6.67	6.63	7.43	8.22	9.01	9.78	9.91
I. Share of ICT sector to total GDP (in %)	**3.41**	**3.79**	**3.91**	**4.32**	**4.66**	**5.12**	**5.46**	**5.86**
J. Share of ICT services to total GDP (in %)	3.05	3.43	3.49	3.92	4.32	4.72	5.14	5.52
K. Share of ICT mfg to total GDP (in %)	0.36	0.36	0.42	0.4	0.33	0.41	0.32	0.34
L. Share of ICT mfg to total ICT GDP (in %)	**10.5**	**9.4**	**10.6**	**9.2**	**7.2**	**7.9**	**5.9**	**5.8**
M. Share of ICT services to total ICT GDP (in %)	**89.5**	**90.6**	**89.4**	**90.8**	**92.8**	**92.1**	**94.1**	**94.2**

(ဂ) ဗီယက်နမ်

ဗီယက်နမ်နိုင်ငံတွင် ဆက်သွယ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ၁၉၈၆ ခုမှ စတင်၍ ဆောင်ရွက်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်း လဲမှု စတင်သည့် ၁၉၈၆ ခုနှစ်က တယ်လီဖုန်းလိုင်း ၇၆,၀၀၀ သာရှိသလို တယ်လီဖုန်း သိပ်သည်းဆမှာလည်း ၀.၁၂၄ သာရှိခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် ဆက်သွယ်ရေး ဈေးကွက်ကို ပြိုင်ဆိုင်မှုရှိသော ဈေးကွက်် အသွင် ဖန်တီးပေးလိုက်ပါသည်။ ဤသို့ အသွင်ပြောင်းမှုကြောင့် ၂၀၁၀ ပြည့်နှစ်တွင် ကြိုးဖုန်း အသုံးပြုသူပေါင်း ၁၆.၄သန်း အထိရှိလာခဲ့သလို မိုဘိုင်းဖုန်း အသုံးပြုသူဦးရေမှာလည်း ၁၅၄သန်း အထိရှိလာခဲ့ပါသည်။ တယ်လီဖုန်းလုပ်ငန်းမှ ရငွေမှာလည်း ၂၀၀၉ ခုနှစ်၌ အမေရိကန် ဒေါ်လာ သန်းပေါင်း ၆,၈၆၇.၅၅ သန်းအထိ တိုးတက်လာခဲ့ ကြောင်းတွေ့ရပါသည်။

ICT နည်းပညာ ပိုင်းအနေနှင့် ကြည့်လျှင် အခြားနိုင်ငံများနှင့် ယှဉ်က နောက်ကျကျန်ရစ် နေခဲ့သည်ဟု ယူဆပြီး ဤကိစ္စကို ဆောလျှင်စွာ မကိုင်တွယ်လျှင် ဗီယက်နမ်နိုင်ငံအတွက် ပေးဆပ်ရမည့် စရိတ်စက

ကြီးမားနိုင်သည်ဟုလည်း ခံယူထားကြပါသည်။ ဗီယက်နမ်နိုင်ငံ အနေနှင့်နိုင်ငံ၏ အလယ်တန်းကျောင်း အားလုံးတွင် အင်တာနက်သုံးစွဲခွင့်ရအောင် စီမံမှုသည် ကြိုဆိုရမည့် အချက်ပင် ဖြစ်သော်လည်း လိုအပ်ချက်ရှိနေဆဲ ဖြစ်သည်ဟု ဆိုကြပါသည်။ ကမ္ဘာ့ဈေးကွက်၌ အပြိုင်ရောက်လိုပါကလည်း အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်း ခေါ်ဆိုမှုနှုန်းထား ကြီးမြင့်နေမှုကို ပြုပြင်ရန်လိုသည်ဟု ဝေဖန်ချက်များလဲရှိပါသည်။

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ၁၉၈၆ ခုနှစ်၌ စတင်ခဲ့ပါသည်။ ထိုစဉ်ကပင် ဆက်သွယ်ရေးကဏ္ဍ၏ အရေးပါမှုကို အသိအမှတ် ပြုခဲ့ပါသည်။ ဆက်သွယ်ရေး ဈေးကွက်၌ ပြိုင်ဆိုင်မှုကို နိုင်ငံပိုင် ဆက်သွယ်ရေးလုပ်ငန်းများ၌သာ ခွင့်ပြုထားပါသည်။"ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုသည် ပြည်သူ အကျိုးပြုဝန်ဆောင်မှုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရအနေနှင့်နိုင်ငံသူနိုင်ငံသားတိုင်းကို သင့်တင့် မျှတသော ဆက်သွယ်ရေးသုံးစွဲခွင့် အခွင့်အရေးပေးရန် လိုသည်"ဟု သဘောထားအမြင် ရှိပါသည်။

ဆက်သွယ်ရေး ကဏ္ဍ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုကို စီးပွားရေးလုပ်ငန်းချင်း ပူးပေါင်း ဆောင်ရွက်မှု ပဋိဉာဉ် (Business Cooperation Contract - BCC) ဖြင့် ၁၉၈၈ ခုနှစ်က ခွင့်ပြုခဲ့ပါသည်။ BCC အရ နိုင်ငံခြားမှ ဆက်သွယ်ရေးကုမ္ပဏီအနေနှင့် ဆက်သွယ်ရေးဆိုင်ရာ ကျောက်နောက်ခံအဆောက်အအုံ တည်ဆောက်မှုကို လုပ်ကိုင်ခွင့်ပေးခဲ့ပြီး ပြည်တွင်းဆက်သွယ် ရေးလုပ်ငန်းက ဆက်သွယ်ရေးဝန်ဆောင်မှုပေးရမည်ဖြစ်ပါသည်။ BCC အရ ဆောင်ရွက်သည့် လုပ်ငန်းများ၌ နိုင်ငံခြားကုမ္ပဏီအနေနှင့် ပစ္စည်းပိုင်ဆိုင်ခွင့်ကို မတောင်းဆိုနိုင်သလို စီမံခန့်ခွဲမှု ဆိုင်ရာ အခွင့်အရေးကိုလည်း ပေးမထားပါ။

၂၀၀၇ ခုနှစ်တွင် ဗီယက်နမ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ WTO အဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်အခါ ဗီယက်နမ်နိုင်ငံအနေနှင့် အထူးအခွင့် အရေးရသော နိုင်ငံ (Most - Favored Nation)ခံစားခွင့်ကို ရရှိခဲ့ပါသည်။ ထိုအခွင့်အရေးကို အသုံးပြု၍ ဗီယက်နမ်နိုင်ငံက ၎င်း၏ ဆက်သွယ်ရေး ကဏ္ဍတိုးတက်ဖွံ့ဖြိုး အောင် ဆောင်ရွက် လာခဲ့ပါသည်။

၂၀၀၂ ခုနှစ်၌ စာတိုက်နှင့်ကြေးနန်း ဆက်သွယ်ရေးဆိုင်ရာ (Posts & Telecommuni-cation Ordinance) ကို ထုတ်ပြန်ခဲ့ရာ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ကိစ္စများ၌ ပို၍ သိသာမြင်သာ ထင်သာ ရှိလာ စေခဲ့သည့် အပြင် ဈေးကွက်ပြိုင်ဆိုင်မှုကိုလည်း ပိုမို ကောင်းမွန်လာ စေခဲ့ပါသည်။ ထိုအမိန့်အရ ပုဂ္ဂလိကမှ အင်တာနက်ဈေးကွက်ဆိုင်ရာ ပြိုင်ဆိုင်ခွင့်ရခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် 3G မိုဘိုင်း ဈေးကွက်ကို လိုင်စင် ချပေးခဲ့ပါသည်။

ဗီယက်နမ်အနေနှင့် ဆက်သွယ်ရေးကဏ္ဍတွင် အဆောက်အအုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ခြင်း ကြောင့် အောင်မြင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဆက်သွယ်ရေးဈေးကွက်အား ဖြေလျှော့ မှုများ လုပ်ရာတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူအားလုံးကို ချက်ခြင်း ဝင်ရောက်ခွင့်ပေးခဲ့ခြင်း မဟုတ်ပဲ ဖြေးဖြေးချင်း၊ တဆင့်ပြီး တဆင့် ခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ဆက်သွယ်ရေး ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများအတွက် BCC ဖြင့် အခြေခံပြီး အစပျိုးခဲ့သည်ကိုလည်း သိရှိရ ပါသည်။

ဗီယက်နမ်နိုင်ငံ၏ Software လုပ်ငန်းမှာလည်း ကမ္ဘာဈေးကွက်၌ အတန်အသင့် နေရာရစပြု လာပါ သည်။ IBM က ၎င်း၏ Software လုပ်ငန်းကို ဗီယက်နမ်၌ ထူထောင်ထား သလို ဂျပန်နိုင်ငံကလည်း Software ကိစ္စနှင့် ပတ်သက်လျှင် ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံ နောက်က အမီလိုက်နေသည့် နိုင်ငံတစ်ခုဖြစ်သည်ဟု

သတ်မှတ်ထားပါသည်။ ၂၀၀၆ ခုနှစ် စာရင်းများအရ Software လုပ်ငန်းမှ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း၃၅၀ရှိခဲ့ရာ ၄င်းအနက် ဒေါ်လာသန်း၁၁၀ မှာ နိုင်ငံတကာ၏ ပြင်ပရင်းမြစ်ရှာခြင်း(Outsourcing) ကြောင့် ရသည့်ဝင်ငွေ ဖြစ်ပါသည်။

ရင်နှီးမြှုပ်နှံမှုကို ကြည့်လျှင် ကွန်ပျူတာ Chip များ ထုတ်လုပ်သည့် Intel က ဗီယက်နမ် နိုင်ငံ၌ အမေရိကန် ဒေါ်လာ သန်းတစ်ထောင်ဘိုး၊ International Data Group (IDG) က ဒေါ်လာ သန်းတစ်ရာဘိုးမျှ ရင်းနှီးမြှုပ်နှံထား ကြောင်းတွေ့ရပါသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ ၏ သတင်းအချက်အလက်နည်းပညာ လုပ်ငန်းမှ ဝင်ငွေကို ကြည့်လျှင် ၂၀၀၈ ခုနှစ်တွင် ဒေါ်လာ ၅၂၂၀ သန်း ရခဲ့ပြီး ၂၀၀၉ခုနှစ်တွင် ဝင်ငွေ ဒေါ်လာ ၆၁၆၇ သန်း ရခဲ့ကြောင်းတွေ့ရပါသည်။

ဗီယက်နမ်ပ်နိုင်ငံ၏ အင်တာနက် အသုံးပြုသူဦးရေမှာ ၂၀၁၀ ခုနှစ်တွင် စုစုပေါင်း လူဦးရေ ၏ ၃၀% ရှိပြီ ဖြစ်ပါသည်။ အင်တာနက်သုံးစွဲသူဦးရေတိုးပွားလာမှုကို ဇယား(၂(ဂ-၁))ဖြင့် ဖော်ပြ ပါသည်။

ဇယား (၂(ဂ-၁))၊ ဗီယက်နမ်နိုင်ငံ၏ အင်တာနက် အသုံးပြုသူဦးရေ တိုးပွားလာမှု

Internet in Vietnam

	December 2009	March 2010
Total number of Internet users	22,779,887	23,597,189
Internet users per 100 inhabitants	26.55	27.51
Total number of broadband Internet subscribers (xDSL, CATV, Leased line, etc.)	3,214,584	4,625,027
Total number of Internet subscribers per 100 inhabitants (xDSL)	3.71	5.33
Household with Internet access at home per 100 households *(estimated)*	11.76	12.22
Number of registered .vn domain name	133,568	148,464

ဇယား (၂(ဂ-၂))၊ ဗီယက်နမ်နိုင်ငံ၏ အိုင်တီကဏ္ဍရှိ လုပ်သားဦးရေ



၂၀၀၉ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင် 3G ဝန်ဆောင်မှု စတင်ပေးခဲ့ရာ ၂ နှစ်အတွင်း သုံးစွဲသူဦးရေ ၂ ဆ တိုးလာကြောင်း တွေ့ရပါသည်။ ကမ္ဘာ့ကြေးနန်းဆက်သွယ်ရေးအဖွဲ့က ဗီယက်နမ်နိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲမှု သိပ်သည်းဆ အဆင့်မှာ ကမ္ဘာ့ အဌမနေရာ၌ ရှိနေသည်ဟု ဆိုထားပါသည်။ ဗီယက်နမ်နိုင်ငံရှိ ဆက်သွယ်ရေး ကုမ္ပဏီအားလုံးက 4G သို့သွားရန် ဦးတည် နေကြပါသည်။

ဗီယက်နမ်ဆက်သွယ်ရေးလုပ်ငန်းများ၏ အဓိက စိန်ခေါ်ချက်မှာ ဆက်သွယ်ရေးကုမ္ပဏီများအကြား လိုင်း နှုန်းခွင် ခွဲဝေသုံးစွဲမှုနှင့် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံကို မျှဝေသုံးစွဲရေး ပင် ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံတွင် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းတွင် 2G ၌ ကုမ္ပဏီ (၇)ခု၊ 3G ၌ ကုမ္ပဏီ (၅)ခု၊ ကြိုးဖုန်းလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီ (၈) ခု၊ အင်တာနက်ဝန်ဆောင်မှု ပေးသည့် ကုမ္ပဏီ (၈၁) ခု ရှိကြ ပါသည်။

ဗီယက်နမ်နိုင်ငံ၏ တယ်လီဖုန်းသုံးစွဲသူ တိုးတက်များပြားလာပုံကို ဂရပ်(၂(ဂ-၁))၌ ဖော်ပြပ ပါသည်။

ဂရပ်(၂(ဂ-၁))၊ ဗီယက်နမ်နိုင်ငံ၏ တယ်လီဖုန်းသုံးစွဲသူ တိုးတက်များပြားလာပုံ

(ဃ)နှိုင်းယှဉ်ချက်



တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ နှင့် ဗီယက်နမ်နိုင်ငံတို့၏ ဆက်သွယ်ရေး ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်ကို ကြည့်လျှင် အောက်ပါအချက်များကို တွေ့ရပါသည်-

(၁) ဆက်သွယ်ရေးနည်းပညာ ကဏ္ဍ၏ အရေးပါမှုကို နိုင်ငံ (၃) ခုစလုံးက အသိအမှတ် ပြုကြပါသည်။

(၂) ဆက်သွယ်ရေးလိုအပ်ချက်ကို အတိတ်က မဖြည့်ဆည်းပေးနိုင်ခဲ့သော်လည်း ယခုအခါ ကောင်းစွာ ဖြည့်ဆည်းပေးနိုင်လာကြပါသည်။

(၃) ဈေးကွက်၌ ပြိုင်ဆိုင်မှုရှိလာသဖြင့် သုံးစွဲသူများအနေဖြင့် အရည်အသွေးကောင်းစွာ၊ ဈေးချိုစွာဖြင့် သုံးစွဲလာနိုင်ကြပါသည်။

(၄) ဆက်သွယ်ရေးနည်းပညာ ကဏ္ဍသည် ကောင်းစွာဖွံ့ဖြိုးတိုးတက် နေသည့်အပြင် တိုင်းပြည်ဝင်ငွေ တိုးပွားရေးအတွက်လည်း သိသာစွာပါဝင်အကျိုးပြုနေပါသည်။ တရုတ်ပြည်၌ GDP ၏ ၅.၇ % (၂၀၁၀ ခုနှစ်) နှင့် အိန္ဒိယနိုင်ငံတွင် GDP ၏ ၂.၈% (၂၀၀၉ ခုနှစ်) စီပါဝင် အကျိုးပြုနေကြပါသည်။

(၅) ဆက်သွယ်ရေးနည်းပညာကဏ္ဍ ပြုပြင်ပြောင်းလဲမှု မလုပ်မီ အခြေအနေနှင့် ပြုပြင် ပြောင်းလဲမှု နောက်ပိုင်း အခြေအနေ ၂ ခုကြား သိသာစွာ တိုးတက် မှုများ ရှိလာပါသည်။

(၆) ဆက်သွယ်ရေးဈေးကွက်၌ ပြိုင်ဆိုင်သူအနည်းဆုံး (၄)ဦးမျှ ရှိကြောင်းတွေ့ရပါသည်။

တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ် နှိုင်းယှဉ်ချက်

	တရုတ်	**အိန္ဒိယ**	**ဗီယက်နမ်**
ပြုပြင်ပြောင်းလဲမှုမလုပ်မီ			
ကြိုးဖုန်းအရေအတွက်	၂.၁၄ သန်း (၁၉၈၀ ခုနှစ်)	၂.၅သန်း (၁၉၈၀ ခုနှစ်)	၇၆၀၀၀ (၁၉၈၆ ခုနှစ်)
ဖုန်းသိပ်သည်းဆ	၃.၈ %	၃.၀ %	၀,၁၂၄ %
ပြုပြင်ပြောင်းလဲမှုလုပ်ပြီး			
ကြိုးဖုန်းအရေအတွက်	၂၉၄.၃၈၃သန်း	၃၆.၉၅သန်း	၁၆.၄သန်း
ဖုန်းသိပ်သည်းဆ	၂၁.၉၅%		၁၈.၆၇%
မိုဘိုင်းဖုန်းအရေအတွက်	၈၅၉.၀၀၃သန်း	၅၄၈.၃၂သန်း	၁၅၄သန်း
မိုဘိုင်းဖုန်းသိပ်သည်းဆ	၆၄.၀၄%	၅၂.၇၄% (ကြိုး+မိုဘိုင်း)	၁၇၅.၃%
GDP၌ပါဝင်မှု အချိုးအစား	၅.၇% (၂၀၁၀ခုနှစ်) (Telecom +ICT)	၂.၈% (၂၀၀၉ခုနှစ်) (Telecom only)	၆.၄၇% (၂၀၀၉ခုနှစ်) (Telecom +ICT)

ဆက်သွယ်ရေးကုမ္ပဏီပေါင်း	၆ ခု	အဝေးဆက် - ၂၉ ခု ပြည်ပဆက် - ၂၄ ခု	ကြိုးဖုန်း - ၈ ခု မိုဘိုင်း2G - ၇ ခု မိုဘိုင်း3G - ၅ ခု မိုဘိုင်းNetwork-၂ခု
ဆက်သွယ်ရေးမှဝင်ငွေရရှိမှု	၄၆၂ ဘီလီယံ (US $)	၃၅ ဘီလီယံ (US $)	၆.၈၇ ဘီလီယံ (US $)

၃။ မြန်မာနိုင်ငံ ဆက်သွယ်ရေးကဏ္ဍ

(က) ဝင်ငွေရရှိမှုအခြေအနေ

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေး ကဏ္ဍမှာ နှစ်စဉ် ဝင်ငွေရှာဖွေပေးမှုအခြေအနေကို ဇယား (၃-၁) ဖြင့် ဖော်ပြပါသည်။

ဇယ ား (3-၁) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ဘဏ္ဍာရေးနှစ်အလိုက်ဝင်ငွေစာရင်း

ခုနှစ်	စုစုပေါင်းဝင်ငွေ (ကျပ်သန်းပေါင်း)
1987-88	346.419
1988-89	370.365
1989-90	414.521
1990-91	488.232
1991-92	883.729
1992-93	1104.142
1993-94	1233.177
1994-95	1547.636
1995-96	2042.521
1996-97	2595.442
1997-98	3585.863
1998-99	4667.993
1999-00	6021.423
2000-01	8483.549
2001-02	10999.224
2002-03	24041.062
2003-04	48153.73
2004-05	61390.362
2005-06	122820.49
2006-07	165646.935
2007-08	255654.827
2008-09	260431.052
2009-10	279143.768
2010-11	313913.366

ပုံ (၃-၁) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ဘဏ္ဍာရေးနှစ်အလိုက်ဝင်ငွေပြပုံ



ထိုဇယားတွင် ၁၉၈၇-၈၈ မှစ၍၊ ၂၀၁၀-၂၀၁၁ အထိ ဝင်ငွေရရှိမှုကို ဖော်ပြထားပါသည်။ ထိုဇယားကို ကြည့်လျှင် ၁၉၈၇-၈၈ ခုနှစ်တွင် ကျပ် 346.419 သန်းသာ ဝင်ငွေရရှိခဲ့ရာမှ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကျပ် ၃၁၃,၉၁၃ သန်းအထိ အဆ ၁၀၀၀ မျှ ဝင်ငွေ တိုးတက်ရရှိခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ ထိုဝင်ငွေများအနက် ဝင်ငွေစုစုပေါင်း၏ ၉၉% ကျော်မှာ တယ်လီဖုန်းမှ ရရှိသော ဝင်ငွေများဖြစ်ပါသည်။ ဝင်ငွေတိုးတက်လာမှု အခြေအနေကို ပုံ (၃-၁) ဖြင့် ဖော်ပြထား ပါသည်။

(ခ) တစ်မျိုးသားလုံး ထုတ်ကုန်တွင် ပါဝင်မှုအချိုးအစား

ဇယား(3-2)ပုံမှန်ဈေးနှုန်းများအရ ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်တန်ဖိုးနှင့်

တစ်မျိုးသားလုံးတွင်ပါဝင်မှုအချိုး

အမှတ်စဉ်	ခုနှစ်	GDP ကျပ်သန်း	ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်တန်ဖိုး		
			တန်ဖိုး (ကျပ်သန်း)	တိုးတက်မှုနှုန်း (%)	တစ်မျိုးသားလုံးအပေါ်ပါဝင်မှုအချိုး
၁	၁၉၇၃-၁၉၇၄[€]	၁၀၈၀၀.၇	၃၈	၈၈	၀.၄
၂	၁၉၈၈-၁၉၈၉[μ]	၄၇,၁၄၁.၁	၃၁၀.၉	၆.၂	၀.၇
၃	၁၉၉၅-၁၉၉၆[μ]	၆၆,၇၄၁.၆	၈၆၂.၆	၂၄.၆	၁.၃
၄	၂၀၀၀-၂၀၀၁[μ]	၁၀၀,၂၇၄.၈	၂၁၄၉.၄	၂၉.၀	၂.၁
၅	၂၀၀၁-၂၀၀၂[β]	၂,၈၄၂,၃၁၄.၄	၉,၂၀၇,၄	၃၀.၃	၀.၃
၆	၂၀၀၂-၂၀၀၃[β]	၃,၁၈၄,၁၁၇.၃	၁၇၇,၄၇၆.၆	၈၉.၈	၀.၅
၇	၂၀၀၄-၂၀၀၅[β]	၄,၁၁၆,၆၃၅.၄	၂၇,၄၁၅.၇	၅၁.၆	၀.၇
၈	၂၀၀၅-၂၀၀၆[β]	၄,၆၇၅,၂၁၉,၈	၃၂,၄၇၇.၈	၁၈.၅	၀.၈
၉	၂၀၀၉-၂၀၁၀[▯]	၁၈,၉၇၀,၃၂၆.၇	၂၆၅,၇၀၄.၀	၁၉.၁	၁.၄
၁၀	၂၀၁၀-၂၀၁၁[▯]	၂၀,၉၄၆,၃၃၇,၃	၂၉၀,၇၃၄.၁	၉.၄	၁.၄

[€]၁၉၆၉-၇၀ ပုံမှန်ဈေးနှုန်းများအရ၊ **[μ]၁၉၈၅-၈၆ ပုံမှန်ဈေးနှုန်းများအရ**

^β ၂၀၀၀-၂၀၀၁ ပုံမှန်ဈေးနှုန်းများအရ   ^ ၂၀၀၅-၂၀၀၆ ပုံမှန်ဈေးနှုန်းများအရ

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှု တန်ဖိုးနှင့် တစ်မျိုးသား လုံးတွင် ပါဝင်မှု အချိုးအစားများကို ဇယား (၃-၂) တွင် ဖော်ပြထားပါသည်။ ထိုဇယား၏ ကော်လံ (၅)ကို ကြည့်လျှင် ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်းကို တွေ့မြင် နိုင်ပါသည်။ ထိုဇယားအရ ဆက်သွယ်ရေးကဏ္ဍအနေနှင့် ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၈၉.၈ % ၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၅၁.၆ %၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၁၉.၁ % စသဖြင့် နှစ်စဉ် တိုးတက်မှု ရှိခဲ့ကြောင်း တွေ့မြင်နိုင်ပါသည်။ ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှု တန်ဖိုးသည် တစ်မျိုးသားလုံးပေါ် ပါဝင်မှု အချိုးအစား မည်မျှရှိသည်ကို ထိုဇယား၏ ကော်လံ (၆) တွင် ရာခိုင်နှုန်းဖြင့် ဖော်ပြထားပါသည်။

ဇယား၏ ကော်လံ (၆) ကို ကြည့်လျှင် ၂၀၀၀-၂၀၀၁ ခုနှစ်၌ ၂.၁ % ၊ ၂၀၀၅-၂၀၀၆ ခုနှစ် တွင် ၀.၇ % နှင့် ၂၀၀၉-၂၀၁၀ ၊ ၂၀၁၀-၂၀၁၁ ခုနှစ်များတွင် ၁.၄ % စီဖြင့် ပါဝင်မှုအချိုးအစား ရှိခဲ့ကြောင်း တွေ့ရပါသည်။ ဤအချက်က နိုင်ငံ၏ GDP ပေါ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှု အခြေအနေကို ထုတ်ဖော်ပြသနေပါသည်။

(ဂ) ရင်းနှီးမြှုပ်နှံမှုအခြေအနေ

ဇယား (၃-၃) တွင် ဆက်သွယ်ရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုကို ၂၀၀၅-၂၀၀၆ ခုနှစ်မှစ၍ ၂၀၁၀-၂၀၁၁အထိ ဖော်ပြပထားပါသည်။ အဆိုပါ ဇယား၏ ကော်လံ(၃) သည် နိုင်ငံတော်အပိုင်း၏ နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုကိုသာ ဖော်ပြပထားပြီး ပုဂ္ဂလိက ကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှု မဖော်ပြ ထားပါ။ ဆက်သွယ်ရေးကဏ္ဍ အနေနှင့် နိုင်ငံတော် အပိုင်း၏ ရင်းနှီးမြှုပ်နှံမှု အပေါ်တွင် ၂၀၀၇-၂၀၀၈ ခုနှစ် တစ်နှစ်တည်းသာ ၂.၃ % ကျော်ရှိခဲ့ပြီး ကျန်နှစ်များတွင် ထိုအချိုးအစား ထက်လျော့နည်းခဲ့ပါသည်။

ဇယား(၃-၃)

ဆက်သွယ်ရေး ၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုနှင့်

ဝန်ကြီးဌာနအားလုံး၏ ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်မှုအချိုး

အမှတ်စဉ်	ခုနှစ်	ဝန်ကြီးဌာနအားလုံး၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (ကျပ်သန်း)	ဆက်သွယ်ရေးဝန်ကြီး ဌာန၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (ကျပ်သန်း)	ဝန်ကြီးဌာနအားလုံး အပေါ်ပါဝင်မှုအချိုး (%)
၁	၂	၃	၄	၅

၁	၂၀၀၅-၂၀၀၆	၇၈၅,၁၆၅	၈,၄၇၄	၁.၁
၂	၂၀၀၆-၂၀၀၇	၁,၁၁၂,၄၄၀	၁၄,၉၀၁	၁.၃
၃	၂၀၀၇-၂၀၀၈	၁,၆၁၉,၇၁၄	၃၈,၀၂၂	၂.၃
၄	၂၀၀၈-၂၀၀၉	၁,၆၈၂,၉၆၉	၃၁,၄၀၉	၁.၉
၅	၂၀၀၉-၂၀၁၀	၂,၄၂၈,၄၁၈	၃၆,၉၀၂	၁.၅
၆	၂၀၁၀-၂၀၁၁ (ယာယီ)	၃,၂၉၀,၉၄၁	၃၆,၄၈၃	၁.၁

အကယ်၍ ပုဂ္ဂလိက ကဏ္ဍ၏ နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု အခြေအနေကိုပါ ထည့်စဉ်းစားခဲ့ လျှင် ဆက်သွယ်ရေးကဏ္ဍက စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်မှု အချိုးအစားမှာ ဇယား (၃-၃) ၌ ဖော်ပြပထားသည့် အချိုးအစားထက် လျော့နည်း သွားနိုင်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေသည် လိုအပ်ချက်ရှိနေဆဲ အခြေအနေ ဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအပိုင်း ကန့်သတ်ချက်ရှိနေလျှင် ဆက်သွယ်ရေး ကဏ္ဍ၏ရောင်းလိုအားဖက်ခြမ်း (Supply Side)ကိုတိုးမြှင့်ပေးရန်အခက်အခဲရှိပါသည်။ ရောင်းလို အားဖက်ကိုမြှင့်ပေးရန်အတွက်မည်ကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုအမျိုးအစားမျိုးကိုခွင့်ပြုပေးမည်ဟူ သော ကိစ္စမှာ မူဝါဒဆိုင်ရာ ရွေးချယ်ရမည့်အပိုင်း ဖြစ်ပါသည်။

(ဃ) လက်ရှိဆက်သွယ်ရေး ဥပဒေများ

မြန်မာနိုင်ငံတွင် ထုတ်ပြန်ထားသည့် ဆက်သွယ်ရေးဆိုင်ရာနှင့် အိုင်တီဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ ၊ အမိန့် နှင့် ညွှန်ကြားချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

<u>ဥပဒေများ</u>

၁။ The Myanmar Telegraph Act, 1885

၂။ Myanmar Post Office Act , 1898

၃။ The Myanmar Wireless Telegraphy Act, 1934

၄။ ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ

၅။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ

အထက်ပါဥပဒေများကို ကြည့်လျှင် အများစုမှာ ၁၈၈၅ ခုနှစ် မှ စ၍ ၁၉၆၀ ကြား ကာလအတွင်းထုတ်ပြန်ထားသောနည်းဥပဒေများဖြစ်ကြောင်းတွေ့ရပါသည်။ ထိုဥပဒေများ၊ နည်းဥပဒေများကိုခေတ်နှင့်အညီပြန်လည်ပြင်ဆင်သုံးသပ်ရန်လိုအပ်ပါသည်။ ၁၈၈၅ခုနှစ်က ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ ကြေးနန်းအက်ဥပဒေနှင့် ၁၉၃၄ခုနှစ်ကထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ ကြိုးမဲ့ကြေးနန်းအက်ဥပဒေတို့သည် တိုးတက်ဖြစ်ပေါ် ပြောင်းလဲနေသော ဆက်သွယ်ရေး နည်းပညာများ၊ စံနှုန်းများ၊ မူဝါဒများနှင့် လိုက်လျောညီထွေ မရှိတော့သည်ကို တွေ့ရှိရပါသဖြင့် ခေတ်နှင့်လျော်ညီအောင် ဆက်သွယ်ရေးဥပဒေမူကြမ်းဖြင့် ထပ်မံပြင်ဆင်ပြုစုခဲ့ပြီး ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ပေးပို့၍ သဘောထားမှတ်ချက် တောင်းခံထားပါသည်။

(င)ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

(၁) မိုဘိုင်းတယ်လီဖုန်းတိုးချဲ့ခြင်းလုပ်ငန်း

ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်မိုဘိုင်းဖုန်းများကို ဈေးနှုန်းချိုသာစွာ ဖြင့်ပြောဆိုအသုံးပြုနိုင်ရေးအတွက်အချိန်တိုအတွင်းဆက်သွယ်ရေးကွန်ရက်များကို တည်ဆောက်၍ တယ်လီဖုန်းလိုင်းများကိုတိုးချဲ့တပ်ဆင်နိုင်ရန်အတွက်အသင့်တော်ဆုံးစနစ်မှာ မိုဘိုင်း တယ်လီဖုန်း စနစ်ဖြစ်၍ ၄င်းစနစ်အား အရှိန်အဟုန်ဖြင့် တိုးချဲ့တပ်ဆင်သွားမည် ဖြစ်ပါ သည်။

ယင်းကဲ့သို့ ဆောင်ရွက်ရန်အတွက် GSM မိုဘိုင်းတယ်လီဖုန်းစနစ် တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်း အား စီမံကိန်းကာလ (၅) နှစ်အတွင်း လိုင်းအင်အား (၃၀) သန်း ထပ်မံ တပ်ဆင်သွားရန် ရည်မှန်းချက် ထားရှိဆောင်ရွက်မည် ဖြစ်ပါသည်။

မိုဘိုင်း တယ်လီဖုန်းတိုးချဲ့ တပ်ဆင်ရေး (၅) နှစ်စီမံချက် ၏ နှစ်အလိုက်တိုးချဲ့တပ်ဆင်ရန် လျာထားချက်ကို ဇယား(၃-င-၁)ဖြင့် ဖော်ပြထားပါသည် ။

ဇယား(၃-င--၁) မိုဘိုင်းတယ်လီဖုန်းတိုးချဲ့ခြင်းလုပ်ငန်း စီမံကိန်း

စဉ်	စီမံကိန်းနှစ်	တိုးချဲ့တပ်ဆင်မည့် GSM မိုဘိုင်းတယ်လီဖုန်းအင်အား
(က)	ပထမနှစ်	လိုင်း (၄) သန်း
(ခ)	ဒုတိယနှစ်	လိုင်း (၅) သန်း
(ဂ)	တတိယနှစ်	လိုင်း (၆) သန်း
(ဃ)	စတုတ္ထနှစ်	လိုင်း (၇) သန်း
(င)	ပဥ္စမနှစ်	လိုင်း (၈) သန်း

(၂)အိုင်တီဝန်ဆောင်မှု တိုးချဲ့ခြင်းလုပ်ငန်း

သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်းတိုးချဲ့ခြင်း အနေနှင့် National IP Backbone လုပ်ငန်းများအတွက် ရန်ကုန်-နေပြည်တော်-မန္တလေးတွင် မြန်မာ့မီးရထား ဖိုင်ဘာ ကို အသုံးပြု၍သော်လည်းကောင်း၊ MOD DWDM Network အသုံးပြု၍သော်လည်းကောင်း 10 Gigabit High Speedဆက်ကြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကိုဆက်လက်အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃)e-Government စီမံကိန်း

နိုင်ငံတော်အကြီးအကဲများ၏လမ်းညွှန်ချက်အရ e-Government လုပ်ငန်းစဉ်များကို တိကျမှန်ကန်ပြီး မြန်ဆန်သွက်လက် အစွမ်းထက်သော အစိုးရအုပ်ချုပ်ရေး ယန္တရား တည်ဆောက်ရန်နှင့်အစိုးရနှင့်ဌာနဆိုင်ရာအချင်းချင်းအကြားအုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုလုပ်ငန်းများ စွမ်းဆောင်ရည်

မြင့်မားလာစေရန် ရည်ရွယ်၍ Myanmar Basic e-Government စီမံကိန်း အား ကိုရီးယား အစိုးရ၏ ပူးပေါင်းမှုဖြင့် ၂၀၀၅ ခုနှစ် မေလမှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၆ခုနှစ်တွင် စီမံကိန်းအောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။ ယခုအခါတွင် နေပြည်တော်ရှိ အစိုးရ အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများ အားလုံးသည် Fiber Network အား ချိတ်ဆက်အသုံးပြု၍ သော်လည်းကောင်း၊ မြန်မာနိုင်ငံတဝှမ်းလုံးရှိ ဌာနဆိုင်ရာရုံးများသည် Server များသို့ ချိတ်ဆက်၍ GPMS, EDMS အစရှိသည့် Online Application များအားလုံခြုံစိတ်ချစွာအသုံးပြုကာ e-Government လုပ်ငန်းစဉ် များအား ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနသည် ဝန်ကြီး ဌာနများအားလုံး e-Government လုပ်ငန်းစဉ်များ ဆက်လက် အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် Data Center ရှိ Server များအား Hardware/Software Maintenance ပြုလုပ်ခြင်း၊ ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့် ကိုက်ညီမှုရှိစေရန် Application Software များအား အဆင့်မြင့်တင်ခြင်း၊ ဝန်ကြီးဌာနများ၏သတင်းအချက်အလက်များအား ထိန်းသိမ်းခြင်းနှင့် နည်းပညာ အထောက်အပံ့ပေးခြင်း လုပ်ငန်းများအားဆောင်ရွက် လျက်ရှိပါသည်။

သတင်းအချက်အလက် ဆက်သွယ်ရေး အမြန်ဆက်ကြောင်း (IP Backbone) တည် ဆောက်မှု အခြေအနေမှာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည်အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း များအားသုံးစွဲသူထံဝန်ဆောင်မှုပေးရာတွင်သီးခြားဆက်ကြောင်း သုံးစွဲနိုင်ခြင်းမရှိဘဲ၊ တယ်လီဖုန်း ဆက်ကြောင်းများအဖြစ် အသုံးပြုသော ဖိုင်ဘာဆက်ကြောင်းများပေါ်တွင် SDH နည်းပညာဖြင့် E1 Channel များ အသုံးပြု ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်၏ National Backbone (NBB) ပေါ်တွင် စွမ်းအား ရှိသလောက် အသုံးမပြုနိုင်ဘဲ Bandwidth ကန့်သတ်၍ သာ သုံးစွဲနိုင်သော အ ခြေအနေတွင် ဝန်ဆောင်မှု ပေးနေရပါသည်။

(၄)အော်တိုတယ်လီဖုန်း တိုးချဲ့ခြင်းလုပ်ငန်း

အော်တိုတယ်လီဖုန်းတိုးချဲ့ တပ်ဆင်ရေး စီမံကိန်း အရ ၂၀၁၁-၂၀၁၂ မှ၂၀၁၅-၂၀၁၆ အထိ ကာလအလိုက် တိုးချဲ့တပ်ဆင်ရန်လျာထားချက်ကို ဇယား(၃-င-၂)ဖြင့် ဖော်ပြထားပါသည်။

ဇယား(၃-င-၂)၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၁၀၂၀၁၂ ဘဏ္ဍာရေးနှစ် မှ

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိတပ်ဆင်မည့် တယ်လီဖုန်းအလုံးရေစာရင်းလျာထားချက်

စဉ်	ခုနှစ်	တပ်ဆင်မည့်အင်အားစုစုပေါင်း
၁	၂၀၁၀-၂၀၁၁	၁၀,၀၀၀
၂	၂၀၁၁-၂၀၁၂	၁၁,၀၀၀
၃	၂၀၁၂-၂၀၁၃	၁၄.၀၀၀
၄	၂၀၁၃-၂၀၁၄	၁၆,၀၀၀
၅	၂၀၁၄-၂၀၁၅	၁၈,၀၀၀
၆	၂၀၁၅-၂၀၁၆	၂၀,၀၀၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးဈေးကွက် အနေဖြင့် မိုဘိုင်းလုပ်ငန်းများကို ပိုမိုဦးစားပေး လုပ်ဆောင်ရန် လိုအပ်ပါသည်။

ဒုတိယမျိုးဆက်မိုဘိုင်းကွန်ရက်မှတတိယမျိုးဆက်မိုဘိုင်းကွန်ရက်သို့ပြောင်းလဲလုပ်ဆောင် ရာတွင်သုံးစွဲသူ၏လိုအပ်ချက်ကိုအခြေခံသည့်ဝန်ဆောင်မှုမျိုးပေးရန်လိုအပ်လာမည်ဖြစ်ပါသည်။ထို့သို့ဝန်ဆောင်မှု ပေးနိုင်စေရန်အတွက်ဆက်သွယ်မှုရရှိပြီးသော ဒေသများသာမကမရရှိသေးသောဒေသများပါသုံးစွဲနိုင်ရေးအတွက် လုပ်ဆောင်ပေးရမည်ဖြစ်ပါ သည်။တတိယမြောက်မျိုးဆက်မိုဘိုင်းကွန်ရက်အသုံးပြုခြင်းဖြင့် ကဏ္ဍအမျိုးမျိုးရှိ ဝန်ဆောင်မှုပုံစံသစ်များကို ဖြည့်ဆည်း ပေးလာနိုင်ပါ မည်။

၄။ လေ့လာတွေ့ရှိချက်များ

"တရုတ်ပြည်တွင် တယ်လီဖုန်းဆက်သွယ်ပြောဆိုမှု တစ်ခါရှိတိုင်း စီးပွါးရေးလုပ်ဆောင်ချက် (Business Transaction) တစ်ခုရှိလာသည်" ဟု ဆိုရိုးစကား တွင်ကျယ်ခဲ့ပါသည်။

ကမ္ဘာ့ဘဏ်၏လေ့လာတွေ့ရှိချက်အရဆက်သွယ်ရေးဥပဒေစည်းမျဉ်းစည်းကမ်းများ စနစ်တကျရှိသောနိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍ၌ရင်းနှီးမြှုပ်နှံမှု အလားအလာပိုများကြောင်း တွေ့ရပါ သည်။

ကမ္ဘာနှင့်အဝှမ်းတွင် ဆက်သွယ်ရေးကဏ္ဍကို ဖြေလျှော့ပေးလာသည်နှင့်အမျှ ဈေးကွက်အတွင်း ပြိုင်ဆိုင်မှုမှာလည်းပိုမိုပြင်းထန်လာခဲ့ပါ သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ အတွက် အရေးကြီးသောအချက်မှာ ဆက်သွယ်ရေးနည်းပညာ တိုးတက်မှုကို ကျေးလက်ဒေသများပါမကျန် ဈေးချိုချိုဖြင့် သုံးစွဲခွင့် ရရေးပင် ဖြစ်ပါ သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျေးလက်ဒေသ၌ တယ်လီဖုန်းသိပ်သည်းဆမှာ လွန်စွာနိမ့်ပါသည်။ ဤကဲ့သို့ နည်းပါးရခြင်း အကြောင်းရင်းများစွာအနက် အဓိကအကြောင်းရင်းတစ်ခုမှာ ကျေးလက် ဒေသ၌ တယ်လီဖုန်းဆက်သွယ်ရေး ပစ္စည်းတပ်ဆင်စရိတ် ကြီးမြင့်ခြင်းနှင့် ကျေးလက်ဒေသနေ ပြည်သူလူထု၏ ဝယ်ယူနိုင်စွမ်းအား နိမ့်ကျခြင်းတို့ပင် ဖြစ်ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၌ အိမ်ထောင်စုများ၏ ၉၀%သည် ဆက်သွယ်ရေးစရိတ်အတွက် လစဉ် ဒေါ်လာ ၃၀ မျှ အကုန်အကျခံနိုင်သော်လည်း ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၌ အိမ်ထောင်စုများ၏ ၅% မှ ၆% အထိသာ အဆိုပါဒေါ်လာ ၃၀ စရိတ်ကို လစဉ် ကျခံနိုင်စွမ်း ရှိပါသည်။

အာဖရိကကျေးလက်ဒေသရှိ တောင်သူလယ်သမားများအတွက် ဝင်ငွေတိုးတက် ရရှိခြင်း ရှိ-မရှိ ဟူသောအချက်သည် သက်ဆိုင်ရာ နယ်ပယ်ဒေသအသီးသီးရှိ လယ်သမားများက ဈေးကွက် သတင်းများ လွယ်လင့်တကူရရှိနိုင်ခြင်း ရှိ-မရှိဟူသော အချက်ပေါ်တွင် မူတည် ပါသည်။ အာဖရိက ကုန်းတွင်းပိုင်းဒေသ၌ကြိုးဖုန်းထက်မိုဘိုင်းဖုန်းကစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအပေါ် အထောက်အကူ ပြုပေးနိုင်ခဲ့ကြောင်း တွေ့ရပါသည်။

ထို့ကြောင့် နိုင်ငံ၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို လျှင်မြန်စွာ အထောက်အကူ ပြုစေလို လျှင် ကြိုးဖုန်းထက် မိုဘိုင်းဖုန်းကို ဦးစားပေးလုပ်သင့်သည်ဟု ဖွံ့ဖြိုးရေး ဘောဂဗေဒ ပညာရှင် များက အကြံပြုကြပါသည်။

ဤတွင် မူဝါဒ ဆိုင်ရာ ကန့်သတ်ချက်အချို့ ရှိနေဆဲဖြစ်သည်ကို တင်ပြလိုပါသည်။ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်လျှင် မည်သည့် လုပ်ငန်းဧရိယာ၌ ပြိုင်ဆိုင်မှု အခွင့်အလန်းပေးမည်၊ မည်သည့် လုပ်ငန်းဧရိယာကို အစိုးရက ဆက်လက် ဆောင်ရွက်မည်၊ ပြိုင်ဆိုင်မှုအတွက် ဖွင့်ပေးထားမည့် လုပ်ငန်းဧရိယာ၌ ပြိုင်ဆိုင်သူ ဦးရေ မည်မျှအထိ ထားရှိ ခွင့်ပြု ပေးမည်၊ အစိုးရကဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဧရိယာကိုမည်သည့်အချိန်ကာလ အထိ ဆက်လက်ဆောင်ရွက်မည်၊မျှတစွာပြိုင်ဆိုင်မှုဖြစ်ပေါ်စေရန်ဥပဒေ၊စည်းမျဉ်းစည်းကမ်း များ လုပ်ထုံး လုပ်နည်းများဖြင့် မည်ကဲ့သို့ထိန်းကျောင်းမည်၊ထိုသို့ထိန်းကျောင်းမည့်ယန္တရားကို မည်ကဲ့သို့ တည်ဆောက်မည်ဆိုသောအချက်များမှာ မူဝါဒဆိုင်ရာ ဆောင်ရွက်ရမည့် ကိစ္စအချို့ ပင် ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင်ရင်းနှီးမြှုပ်နှံခဲ့လျှင် နှစ်စဉ် ပြန်ရချက်နှုန်း (Annual Rate Of Return) မှာ ၂၀% မှ ၃၀% ကြားသို့မဟုတ်အဆိုပါနှုန်းများ၏အထက်၌ ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍတိုးတက်ခေတ်မီအောင်ဆောင်ရွက်ရာတွင် နိုင်ငံအများစုက အောက်ပါ စိန်ခေါ်ချက်များကို မလွဲမသွေရင်ဆိုင်ရလေ့ရှိပါသည်။ ထိုအချက်များကိုအောင်မြင်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ရေးမှာ အရေးကြီးပါသည်-

(က) ဝန်ဆောင်မှုအရည်အသွေး စံချိန်မီရေး၊

(ခ) ဆက်သွယ်ရေးကဏ္ဍကို ဖြေလျှော့ဆောင်ရွက်ပေးရေး၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုများ ကို ပုဂ္ဂလိကတို့ ပိုမိုပါဝင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊

(ဃ) ဆက်သွယ်ရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲရေး၊

(င) ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရေး၊

(စ) သိသာမြင်သာထင်သာရှိရေး၊

ဆက်သွယ်ရေးကဏ္ဍနှင့် အိုင်တီကဏ္ဍ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် အောက်ပါအကျိုးကျေးဇူး များ ရရှိလာမည် ဖြစ်ပါသည်-

(က) နိုင်ငံတော်၏ မြို့ပြ/ကျေးလက်နေပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် မိုဘိုင်း တယ်လီ ဖုန်း သုံးစွဲနိုင်ခြင်း၊

(ခ) ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မှုကို အထောက်ံအကူပြုခြင်း၊

(ဂ) ပုဂ္ဂလိက ကဏ္ဍအနေဖြင့် နိုင်ငံတော်၏ အလုပ်အကိုင် အခွင့်အလမ်းများတွင် ပိုမို ပါဝင်ခွင့် ရရှိလာခြင်း၊

(ဃ) လူငယ်များအား အလုပ်အကိုင် အခွင့်အလမ်းများနှင့် ခေတ်မီဆက်သွယ်ရေးနည်း ပညာများ ရရှိစေခြင်း၊

(င) နိုင်ငံတော်၏ နှစ်စဉ် GDP တိုးတက်လာခြင်း၊

(စ) ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးနှင့် သဘာဝဘေး ကြိုတင် ကာကွယ်ရေးတို့ အတွက် အထောက်အကူ ြဖစ်စေခြင်း၊

၅။ နိဂုံး

ခေတ်မီတိုးတက်ဖွံ့ဖြိုးသော နိုင်ငံတော်သစ် တည်ဆောက်ရေး၌ ဆက်သွယ်ရေးကဏ္ဍ သည် အထူး အရေးပါသော အခန်းမှ ပါဝင်နေပါသည်။ ဆက်သွယ်ရေးကဏ္ဍ၏ ဖြန့်ကျက် ဝန်ဆောင်မှုပေးနိုင်ရေးသည် နိုင်ငံတော် တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက် ဖြစ်ပါ သည်။ ထိုသို့ဖြန့်ကျက်ဝန်ဆောင်မှု ပေးရာမှာ လက်ရှိဥပဒေ၊ နည်းဥပဒေ၊ စနစ်များဖြင့် ဆောင်ရွက်လျှင် အချိန်တိုအတွင်း ဖြစ်မြောက်လာနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ဆက်သွယ်ရေး ကဏ္ဍ ပြုပြင်ပြောင်းလဲရေး (Telecommunication sector reform) ပြုလုပ်ရန် စဉ်းစားသင့်ပါ သည်။

ဆက်သွယ်ရေး ကဏ္ဍပြုပြင်ပြောင်းလဲရေးတွင် သင့်တင့်လျှောက်ပတ်သည့် ဖြေလျှော့မှုများ ပေးရေး (Liberalization) နှင့် ပုဂ္ဂလိက ကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်ခွင့်ပ ရရန် လိုအပ်ပါ သည်။ နိုင်ငံတကာ အတွေ့အကြုံ ကိုလေ့လာပြီး ကိုယ့်ရေ၊ ကိုယ့်ပြမြေနှင့် လိုက်ေလျာညီထွေ ရှိမည့် ပုံစံကို သုံးစွဲလျှင် ဆက်သွယ်ရေးကဏ္ဍ တိုးတက်ရေးအတွက်များစွာ အထောက်အကူပြု လာနိုင် ပါသည်။ ဆက်သွယ်ရေးလုပ်ငန်းများတိုးချဲ့မည်ဆိုလျှင် ဈေးကွက်ပြိုင်ဆိုင်မှုကိုအားပေးကူညီ သောပတ်ဝန်း ကျင်ရှိမှသာ ဆက်သွယ်ရေးကဏ္ဍလည်း တိုးတက်ဖွံ့ဖြိုး လာနိုင်ပါသည်။

ဆက်သွယ်ရေးကဏ္ဍတိုးတက်ရေးအတွက် ကျွမ်းကျင်သည့်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေး ရေးသည်လည်းလိုအပ်ချက်ရှိသည်ဖြစ်ရာ ဝန်ကြီးဌာနလက်အောက်၌ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရာ ဌာနဖြစ်သောကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းအား နိုင်ငံတကာအဆင့်မီ ဆက်သွယ်ရေး တက္ကသိုလ်သို့ အဆင့်မြှင့် ဖွင့်လှစ်ပေးနိုင်ပါက နိုင်ငံတော်အတွက်လည်း အကျိုးရှိလာနိုင်ပါသည်။

ဆက်သွယ်ရေး လုပ်ငန်းသည် တိုးတက်မှုနှုန်း မြင့်မားစွာ ရရှိခဲ့သောကဏ္ဍ ဖြစ်ပါ သည်။ ထို့ပြင် အနာဂတ်တွင်လည်း အလားအလာပေါင်းများစွာ ရှိနေသော ကဏ္ဍဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဆက်သွယ်ရေးကဏ္ဍ တိုးတက်မှုသည် အခြားကဏ္ဍများအတွက်ပါ ဆင့်ပွား အကျိုးသက်ရောက်မှု (Multiplier Effect) ပေးနိုင်သော စွမ်းပကား ရှိပါသည်။

ဤကဏ္ဍတွင်သင့်တင့်လျောက်ပတ်သောမူဝါဒများ၊ ပြုပြင်ပြောင်းလဲမှုများ၊ အဆောက် အအုံဆိုင်ရာ ပြန်လည်ညှိနှိုင်းမှုများနှင့်အတူ ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီး များကို ဖိတ်ခေါ်ကာ နိုင်ငံတော်၏အခြေအနေနှင့် ဆီလျော်မှုရှိသည့် မဟာဗျူဟာများ ချမှတ် ဆောင်ရွက်ပါက နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုလာနိုင် ကြောင်း တင်ပြပါသည်။